**မြန်မာနိုင်ငံဆက်သွယ်ရေးကြီးကြပ်မှုကော်မရှင်ဥပဒေ (မူကြမ်း)**

**( ပြည်ထောင်စုလွှတ်တော် ၊ ဥပဒေအမှတ် --- )**

**၁၃၇၈ ခုနှစ်၊ လ ရက်**

**( ၂၀၁၇ ခုနှစ်၊ လ ရက်)**

**ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။**

**အခန်း (၁)**

**အမည်၊ စတင်အာဏာသက်ရောက်ခြင်းနှင့် အဓိပ္ပါယ်ဖွင့်ဆိုချက်**

၁။ ဤဥပဒေကို မြန်မာနိုင်ငံဆက်သွယ်ရေးကြီးကြပ်မှုကော်မရှင်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေကို -

(က) အခန်း(၆)ပါပြဋ္ဌာန်းချက်များနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းသည့်နေ့တွင် စတင်အာဏာသက်ရောက်စေရမည်။

( ခ ) ဆက်လက်ကျင့်သုံးသည့်နေ့နှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်က ဤဥပဒေကို ပြဋ္ဌာန်းသည့်နေ့မှ ၆ လပြည့်သည့်နေ့ သို့မဟုတ် ယင်းထက်နောက်ကျပါက နိုင်ငံတော်သမ္မတက အမိန့်ကြော်ငြာစာဖြင့် ထုတ်ပြန်ကြေညာသည့်နေ့တွင် အာဏာသက်ရောက်စေရမည်။

၃။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပါယ်သက်ရောက်စေရမည်-

(က) **အယူခံခုံရုံး** ဆိုသည်မှာ ဆက်သွယ်ရေးဥပဒေတွင် ဖော်ပြပါရှိသည့် အဓိပ္ပါယ်အတိုင်း ဖြစ်သည်။

( ခ ) **ဥက္ကဋ္ဌ** ဆိုသည်မှာ မြန်မာနိုင်ငံဆက်သွယ်ရေးကြီးကြပ်မှုကော်မရှင်ဥက္ကဋ္ဌကို ဆိုသည်။

( ဂ ) **စတင်အာဏာသက်ရောက်သည့်နေ့** ဆိုသည်မှာ ပုဒ်မ ၂(က)အရ စတင်အာဏာသက်ရောက်သောနေ့ကို ဆိုသည်။

(ဃ) **ကော်မရှင်** ဆိုသည်မှာ မြန်မာနိုင်ငံဆက်သွယ်ရေးကြီးကြပ်မှုကော်မရှင်ကို ဆိုသည်။

( င ) **ကော်မရှင်ဝန်ထမ်း** ဆိုသည်မှာ ပုဒ်မ ၃၉ နှင့် ၄၀ တို့တွင် ဖော်ပြထားသောဝန်ထမ်းကို ဆိုသည်။

( စ ) **ယှဉ်ပြိုင်မှုကော်မရှင်** ဆိုသည်မှာ ယှဉ်ပြိုင်မှုဥပဒေအရ ဖွဲ့စည်းတည်ထောင်ထားသော မြန်မာနိုင်ငံယှဉ်ပြိုင်မှုကော်မရှင်ကို ဆိုသည်။

(ဆ) **ကွန်ဗင်းရှင်း** ဆိုသည်မှာ-

(၁) မြန်မာနိုင်ငံက အဖွဲ့ဝင်အဖြစ်ပါဝင်သော အပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းကို ဆိုသည်။

(၂) မြန်မာနိုင်ငံနှင့်ပြည်ပနိုင်ငံတစ်ခုကြား လက်မှတ်ရေးထိုးသဘောတူထားသည့် သဘောတူညီချက်စာချုပ် သို့မဟုတ် အစီအစဉ်ကိုဆိုသည်။ ယင်းစကားရပ်တွင် အစိုးရအဖွဲ့အစည်းတစ်ရပ်နှင့် ပြည်ပနိုင်ငံတစ်နိုင်ငံ၏ အရာထမ်း သို့မဟုတ် အာဏာပိုင်တစ်ရပ်ကြားရှိသဘောတူညီချက်စာချုပ်၊ အစီအစဉ် နားလည်မှုတို့ပါဝင်သည်။

(ဇ) **လိုင်းနှုန်းစဉ်** ဆိုသည်မှာ ၃ ဟတ်ဇ်မှ ၄၂၀ တာရာဟတ်ဇ်လိုင်းနှုန်းအထိ ပါဝင်သည့် စဉ်ဆက်မပြတ်သော လျှပ်စစ်သံလိုက်လှိုင်း၏ လှိုင်းနှုန်းစဉ်ကို ဆိုသည်။

(ဈ) **အစိုးရအဖွဲ့အစည်း** ဆိုသည်မှာ -

(၁) ပြည်ထောင်စုအစိုးရအဖွဲ့ သို့မဟုတ် ပြည်နယ်အစိုးရ၊ တိုင်းဒေသကြီးအစိုးရ သို့မဟုတ် ဒေသဆိုင်ရာအာဏာပိုင် နှင့်

(၂) ဝန်ကြီးဌာန၊ ဦးစီးဌာန၊ ရုံး၊ အေဂျင်စီ၊ အာဏာပိုင်အဖွဲ့၊ ကော်မရှင်၊ ကော်မတီ၊ ဘုတ်အဖွဲ့၊ ကောင်စီ သို့မဟုတ် အခြားအဖွဲ့အစည်း၊ ပြည်ထောင်စုအစိုးရ သို့မဟုတ် ပြည်နယ်အစိုးရ သို့မဟုတ် တိုင်းဒေသကြီးအစိုးရ သို့မဟုတ် ဒေသန္တရ အစိုးရတစ်ခုခု၏ ဥပဒေတစ်ရပ်ရပ်အရ သို့မဟုတ် အခြားတစ်နည်းနည်းဖြင့် တည်ထောင်ထားသော အဖွဲ့အစည်းများအပါအဝင် နိုင်ငံတော်၏ စီမံခန့်ခွဲမှုအာဏာ အပ်နှင်းခြင်းခံရသော အဖွဲ့အစည်းကို ဆိုသည်။

(ည) **အစိုးရ၏မူဝါဒ** ဆိုသည်မှာ ပြည်ထောင်စုအစိုးရအဖွဲ့က သဘောတူထားသော သို့မဟုတ် ရေးဆွဲထားသော သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ သို့မဟုတ် စာပို့လုပ်ငန်းနှင့်စပ်လျဉ်းသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ အထွေထွေမူဝါဒတစ်ရပ်ကို ဆိုသည်။

(ဋ) **အိုင်စီတီ (ICT)** ဆိုသည်မှာ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာကို ဆိုသည်။

(ဌ) **အိုင်စီတီဥပဒေ** ဆိုသည်မှာ အောက်တွင်ဖော်ပြထားသော ဥပဒေများနှင့် အခါအားလျော်စွာရင်းတို့ကို ပြင်ဆင်ထားချက်များပါဝင်သည့်၊ ပြဋ္ဌာန်းထားသည့် ဥပဒေ၊ ယင်းဥပဒေများအရ ထုတ်ပြန်ထားသော နည်းဥပဒေများ၊ စည်းမျဉ်းများနှင့် စည်းကမ်းဥပဒေများ ပါဝင်သည်-

(၁) ဆက်သွယ်ရေးဥပဒေ၊

(၂) အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေ၊

(၃) ကွန်ပျူတာပညာဖွံ့ဖြိုးရေးဥပဒေ၊

(၄) ကော်မရှင်၏ လုပ်ငန်းတာဝန်တစ်ရပ်ရပ်အရ ကျင့်သုံးရသော ဥပဒေ တစ်ရပ်ရပ်။

(ဍ) **လိုင်စင်** ဆိုသည်မှာ-

(၁) အိုင်စီတီဥပဒေ၊ စာပို့တိုက်ဥပဒေ သို့မဟုတ် ယင်းဥပဒေများအရ ထုတ်ပြန်ထားသောနည်းဥပဒေများ ၊ စည်းမျဉ်းများ သို့မဟုတ် စည်းကမ်းဥပဒေများနှင့်အညီ ထုတ်ပေးထားသောလိုင်စင်တစ်ခုခုကို ဆိုသည်။

(၂) ဆက်သွယ်ရေးဥပဒေ သို့မဟုတ် ဆက်သွယ်ရေးဥပဒေအရ ထုတ်ပြန်ထားသော နည်းဥပဒေများ၊ စည်းမျဉ်းများ သို့မဟုတ် စည်းကမ်းဥပဒေများအရ ထုတ်ပေးထားသော လှိုင်းနှုန်းစဉ်ဆိုင်ရာခွင့်ပြုချက်ကို ဆိုသည်။

(၃) အိုင်စီတီဥပဒေအရ ကော်မရှင်ကထုတ်ပေးထားသော လိုင်စင်၊ ခွင့်ပြုချက်နှင့် အသိမှတ်ပြုလက်မှတ်ကိုဆိုသည်။

(ဎ) **လုပ်ငန်းလိုင်စင်ရရှိသူ** ဆိုသည်မှာ လိုင်စင်ရရှိထားသူကို ဆိုသည်။

(ဏ) **အဖွဲ့ဝင်** ဆိုသည်မှာ ကော်မရှင်အဖွဲ့ဝင်ကို ဆိုသည်။

(တ) **ဝန်ကြီး** ဆိုသည်မှာ ဆက်သွယ်ရေးအတွက် တာဝန်ရှိသည့် ပြည်ထောင်စုဝန်ကြီးကိုဆိုသည်။

(ထ) **ဝန်ကြီးဌာန** ဆိုသည်မှာ ဆက်သွယ်ရေးဆိုင်ရာကိစ္စရပ်များကို ဆောင်ရွက်ရန် ပြည်ထောင်စုအစိုးရအဖွဲ့က တာဝန်ပေးအပ်သည့် ပြည်ထောင်စုဝန်ကြီးဌာနကို ဆိုသည်။

(ဒ) **ကော်မရှင်ရန်ပုံငွေ** ဆိုသည်မှာ ပုဒ်မ ၄၆(က)နှင့်အညီ မြန်မာနိုင်ငံဆက်သွယ်ရေး ကြီးကြပ်မှုကော်မရှင်ရန်ပုံငွေအမည်ဖြင့် ဖွင့်လှစ်ထားသည့် ရန်ပုံငွေကိုဆိုသည်။

(ဓ) **အမျိုးသားရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့** ဆိုသည်မှာ ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာဥပဒေအရ ဖွဲ့စည်းထားသည့် အမျိုးသားရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ကို ဆိုသည်။

(န) **အမျိုးသားဆက်သွယ်ရေးအကြံပေးကော်မတီ** ဆိုသည်မှာ ဆက်သွယ်ရေးဥပဒေ ပုဒ်မ ၇၄ အရ ဝန်ကြီးဌာနမှ ဖွဲ့စည်းတည်ထောင်ထားသည့် အမျိုးသားဆက်သွယ်ရေး အကြံပေးကော်မတီကို ဆိုသည်။

(ပ) **စာပို့လုပ်ငန်းဝန်ဆောင်မှုအမျိုးအစား** ဆိုသည်မှာ ရည်ညွှန်းလိပ်စာတပ်ထားသော စာပေးစာယူစာများ ထုတ်ပိုးထားသော စာရွက်စာတမ်း၊ အထုပ်၊ ပို့စကဒ်၊ ပုံနှိပ်ထုတ်ဝေသောစာများကို ဆိုသည်။

(ဖ) **စာပို့လုပ်ငန်းဝန်ဆောင်မှု** ဆိုသည်မှာ စာပို့လုပ်ငန်းအမျိုးအစားတစ်ခုခုကို စုဆည်းခြင်း၊ စီစဉ်ဆောင်ရွက်ခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ အမျိုးအစားခွဲခြင်းနှင့် ဖြန့်ဝေခြင်းတို့ဆောင်ရွက်သော ဝန်ဆောင်မှုတစ်မျိုးမျိုးကို ဆိုသည်။

(ဗ) **သမ္မတ** ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ သမ္မတကို ဆိုသည်။

(ဘ) **ဆက်လက်ကျင့်သုံးသည့်နေ့** ဆိုသည်မှာ ဤဥပဒေအခန်း(၆) ပါပြဋ္ဌာန်းချက်နှင့် စပ်လျဉ်းပြီး စတင်အာဏာသက်ရောက်သည့်နေ့မှအပ ကျန်ရှိသော ပြဋ္ဌာန်းချက်များ စတင်သည့်နေ့ကို ဆိုသည်။

(မ) **ဆက်သွယ်ရေး** ဆိုသည်မှာ ဆက်သွယ်ရေးဥပဒေပါ အဓိပ္ပါယ်ဖွင့်ဆိုချက်အတိုင်း ဖြစ်သည်။

(ယ) **ဆက်သွယ်ရေးပစ္စည်းဆိုင်ရာလိုင်စင်** ဆိုသည်မှာ ဆက်သွယ်ရေးဥပဒေပါ အဓိပ္ပါယ်ဖွင့်ဆိုထားချက်အတိုင်း ဖြစ်သည်။

(ရ) **ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်း** ဆိုသည်မှာ ဆက်သွယ်ရေးဥပဒေပါ အဓိပ္ပါယ်ဖွင့်ဆိုချက်အတိုင်း ဖြစ်သည်။

(လ) **နိုင်ငံတော်** ဆိုသည်မှာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကို ဆိုသည်။

(ဝ) **ပြည်ထောင်စုအစိုးရအဖွဲ့** ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ပြည်ထောင်စုအစိုးရအဖွဲ့ကိုဆိုသည်။

## အခန်း(၂)

## ရည်ရွယ်ချက်များ

၄။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) လွတ်လပ်၍ ကိုယ်ပိုင်စီမံခန့်ခွဲခွင့်ရှိသော ဘက်မလိုက်သည့် အစိုးရအဖွဲ့အစည်းတစ်ခုအဖြစ် မြန်မာနိုင်ငံဆက်သွယ်ရေးကြီးကြပ်မှုကော်မရှင်တစ်ရပ်ကို တည်ထောင်ရန်၊

(ခ) မြန်မာနိုင်ငံဆက်သွယ်ရေးကြီးကြပ်မှုကော်မရှင်၏ လုပ်ပိုင်ခွင့်အာဏာ၊ လုပ်ငန်းတာဝန်များကို သတ်မှတ်ပြဋ္ဌာန်းပေးရန်၊

(ဂ) ဤဥပဒေပါ လုပ်ငန်းတာဝန်များအား အောင်မြင်စွာအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်များအား လွတ်လပ်စွာကျင့်သုံးဆောင်ရွက်နိုင်ရန်။

## အခန်း(၃)

## ကော်မရှင်ကိုတည်ထောင်ခြင်း

၅။ မြန်မာနိုင်ငံဆက်သွယ်ရေးကြီးကြပ်မှုကော်မရှင်ကို ဤဥပဒေဖြင့်တည်ထောင်သည်။

၆။ ကော်မရှင်သည် စဉ်ဆက်မပြတ်အမြဲထာဝရ ဆက်ခံဆောင်ရွက်ပိုင်ခွင့်နှင့် အမှတ်တံဆိပ်တို့ရှိသော ဥပဒေနှင့်အညီဖွဲ့စည်းထားသော အဖွဲ့အစည်းတစ်ရပ်ဖြစ်သည်။

၇။ ကော်မရှင်သည်-

(က) ကော်မရှင်အမည်ဖြင့် တရားစွဲနိုင်ခွင့်နှင့် တရားစွဲဆိုခံနိုင်ခွင့်ရှိသည်။

(ခ) ပစ္စည်းများကိုရယူခြင်း၊ လက်ဝယ်ထားခြင်းနှင့် စီမံခန့်ခွဲခြင်းပြုနိုင်သည်။

(ဂ) ဥပဒေအရ စည်းနှောင်မှုရှိသော စာချုပ်များ၊ သဘောတူညီချက်များကို ရေးထိုးချုပ်ဆိုနိုင်သည်။

## အခန်း(၄)

## ကော်မရှင်၏ လုပ်ငန်းတာဝန်၊ လုပ်ပိုင်ခွင့်နှင့် တာဝန်ဝတ္တရားများ

၈။ ကော်မရှင်၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) လိုင်စင်ထုတ်ပေးခြင်းနှင့် ဆက်သွယ်ရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းများနှင့်အညီ စနစ်တကျဖြစ်အောင် ဆောင်ရွက်ခြင်း၊

(ခ) လှိုင်းနှုန်းစဉ်ဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်းပြီး လျာထားခြင်း၊ ခွဲဝေသတ်မှတ်ခြင်း၊ ကြီးကြပ်ထိန်းသိမ်းခြင်း၊ စီမံခန့်ခွဲခြင်း၊

(ဂ) မြန်မာနိုင်ငံ၏ ဂြိုဟ်တုပတ်လမ်းဆိုင်ရာကိစ္စရပ်များကို စီမံခန့်ခွဲခြင်းနှင့် ကြီးကြပ်ထိန်းသိမ်းခြင်း၊

(ဃ) ဆက်သွယ်ရေးမူဝါဒများနှင့်ပတ်သက်၍ အစိုးရကို အကြံဉာဏ်ပေးခြင်း၊

(င) စာပို့တိုက်ဥပဒေနှင့် အိုင်စီတီဥပဒေများကို အကောင်ထည်ဖော်ဆောင်ရွက်ခြင်းနှင့် စီမံခန့်ခွဲခြင်း၊

(စ) ဆက်သွယ်ရေးကဏ္ဍ၏ တရားမျှတသောဈေးကွက်ယှဉ်ပြိုင်မှုကို မြှင့်တင်ပေးခြင်းနှင့် လွတ်လပ်စွာပြိုင်ဆိုင်မှုသဘောသဘာဝကို ပျက်ပြားစေသည့် လုပ်ဆောင်မှုများကို တားဆီးခြင်း၊

(ဆ) ဆက်သွယ်ရေးဝန်ဆောင်မှုများနှင့် စာပို့တိုက်ဝန်ဆောင်မှုများကို ပြည်သူလူထုတစ်ရပ်လုံး အသုံးပြုနိုင်သည့်အခွင့်အလမ်းများ ပိုမိုရရှိလာနိုင်စေရန် ဆောင်ရွက်ခြင်း၊

(ဇ) ဆက်သွယ်ရေးနှင့် လှိုင်းနှုန်းစဉ်များ အသုံးပြုမှုနှင့်စပ်လျဉ်းသော နိုင်ငံတကာစံသတ်မှတ်ချက်များတွင် မြန်မာနိုင်ငံဆိုင်ရာကိစ္စရပ်များကို စီမံခန့်ခွဲခြင်း၊

(ဈ) လိုင်စင်ရရှိသူများ၏ ဆောင်ရွက်ချက်များအား ဥပဒေနှင့်အညီ ကြီးကြပ်စစ်ဆေးခြင်း၊

(ည) ဆက်သွယ်ရေးကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်လာရေးအတွက် အားပေးခြင်းနှင့် ကူညီပံ့ပိုးပေးခြင်း၊

(ဋ) ဆက်သွယ်ရေးကဏ္ဍဆိုင်ရာ သတင်းအချက်အလက်များကို အများပြည်သူသိရှိစေရန် ဆောင်ရွက်ခြင်း၊

(ဌ) ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းနှင့် စာပို့လုပ်ငန်းဝန်ဆောင်မှုများ၏ ဈေးကွက်အပြုအမူများဆိုင်ရာ တိုင်တန်းမှုများနှင့်စပ်လျဉ်း၍ ယှဉ်ပြိုင်မှုကော်မရှင်မှ စုံစမ်းစစ်ဆေးရာတွင် လိုအပ်သည့်အကူအညီများပေးခြင်း၊

(ဍ) အမျိုးသားရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ကို အကူအညီပေးခြင်း၊

(ဎ) တည်ဆဲဥပဒေတစ်ရပ်ရပ်အရ ကော်မရှင်အား အပ်နှင်းထားသည့် အခြားသောလုပ်ငန်းတာဝန်များကို ထမ်းဆောင်ခြင်း ၊

(ဏ) ကော်မရှင်၏ လုပ်ငန်းတာဝန်များကို အောင်မြင်စေရန်အတွက် အခြားသင့်လျော်သည့် ကျိုးကြောင်းဆီလျော်သော နည်းလမ်းများဖြင့်ဆောင်ရွက်ခြင်း။

၉။ ကော်မရှင်၏လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) စာပို့တိုက်ဥပဒေနှင့် အိုင်စီတီဥပဒေများအရ ကော်မရှင်အား ခွင့်ပြုထားသောလုပ်ပိုင်ခွင့်များ၊

(ခ) ကော်မရှင်၏လုပ်ငန်းတာဝန်များကို အောင်မြင်စွာဆောင်ရွက်နိုင်ရန်နှင့် စာပို့တိုက်ဥပဒေ၊ အိုင်စီတီဥပဒေတို့တွင်ပါဝင်သော ရည်ရွယ်ချက်များကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် အောက်ပါလုပ်ပိုင်ခွင့်များအပါအဝင် အခြားသောအထောက်အကူဖြစ်စေမည့် လုပ်ပိုင်ခွင့်များ -

(၁) စီရင်ချက် သို့မဟုတ် ဆုံးဖြတ်ချက်များကို ချမှတ်ခြင်း၊

(၂) လိုင်စင်ရရှိသူ တစ်ဦးအား ပြစ်ဒဏ်ချမှတ်ခြင်း ၊

(၃) ငွေဒဏ်များချမှတ်ခြင်းနှင့် အခြားပြစ်ဒဏ်များ ချမှတ်နိုင်ရန် တရားရုံးတွင် လျှောက်ထားခြင်း၊

(၄) အမိန့်ကြော်ငြာစာ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများ၊ စံချိန်စံညွှန်းသတ်မှတ်ချက်များနှင့်လုပ်ငန်းဆိုင်ရာကျင့်ဝတ်များ သတ်မှတ်ထုတ်ပြန်ခြင်း၊

(၅) စာပို့တိုက်ဥပဒေနှင့် အိုင်စီတီဥပဒေအရ အခြားသောပြစ်ဒဏ်များချမှတ်ခြင်း သို့မဟုတ် စီမံခန့်ခွဲမှုဆိုင်ရာ အရေးယူဆောင်ရွက်ခြင်း။

၁၀။ ကော်မရှင်သည် ၎င်း၏လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရန်၊ လုပ်ပိုင်ခွင့်များကိုကျင့်သုံးရန်နှင့် တာဝန်ထမ်းဆောင်ရန်အတွက် ပြည်တွင်းပြည်ပရှိ အစိုးရအဖွဲ့အစည်းများ၊ အခြားအဖွဲ့အစည်းများနှင့် ညှိနှိုင်းဆွေးနွေးခြင်းနှင့် သဘောတူစာချုပ်များ ချုပ်ဆိုခြင်းတို့ ပြုလုပ်နိုင်သည်။

၁၁။ ကော်မရှင်၏တာဝန်ဝတ္တရားများမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) လုပ်ငန်းတာဝန်များဆောင်ရွက်ခြင်းနှင့် လုပ်ပိုင်ခွင့်များကျင့်သုံးရာတွင်ဂရုတစိုက်ပြုမှု၊ လုံ့လဝီရိယရှိမှု၊ မျှတမှု၊ ပုံစံတသမတ်တည်းဖြစ်မှုတို့ကို အခြေအနေအရပ်ရပ်ပေါ်မူတည်၍ ထည့်သွင်းစဉ်းစားဆောင်ရွက်ခြင်း၊

(ခ) လုပ်ပိုင်ခွင့်များကျင့်သုံးခြင်းနှင့် လုပ်ငန်းတာဝန်ဆောင်ရွက်ခြင်းတို့ကို ပြုလုပ်ရာ၌ တတ်စွမ်းသမျှ ကျွမ်းကျင်စွာဖြင့် ကြိုးပမ်းဆောင်ရွက်ခြင်း၊

(ဂ) ကော်မရှင်၏ ဘဏ္ဍာငွေများနှင့် အခြားသောအရင်းအမြစ်များကို ထိရောက်လျော်ကန်စွာသုံးစွဲခြင်း၊

(ဃ) စာပို့တိုက်ဥပဒေနှင့် အိုင်စီတီဥပဒေတစ်ရပ်ရပ်အရ ချမှတ်ထားသော အခြားတာဝန်များကို ထမ်းဆောင်ခြင်း၊

(င) မြန်မာနိုင်ငံ၏ ဆက်သွယ်ရေးကဏ္ဍအတွက် အများပြည်သူအကျိုးငှာ နေရာဒေသမရွေး အခြေခံဆက်သွယ်ရေးလိုအပ်ချက်ကို ဖြည့်ဆည်းရေးအစီအစဉ် (USO-Universal Service Obligations) နှင့် ပတ်သက်သည့် ရန်ပုံငွေကို ကြီးကြပ်ကွပ်ကဲခြင်းနှင့် အများပြည်သူအကျိုးငှာ နေရာဒေသမရွေး အခြေခံဆက်သွယ်ရေးလိုအပ်ချက်ကို ဖြည့်ဆည်းရေးအစီအစဉ်ဆိုင်ရာ လုပ်ငန်းစဉ်များအား အကောင်အထည်ဖော်ခြင်း။

၁၂။ (က) ပြည်ထောင်စုအစိုးရအဖွဲ့က ကော်မရှင်ထံအစိုးရ၏မူဝါဒကို စာဖြင့်ရေးသားအကြောင်းကြားလာပါက အဆိုပါမူဝါဒသည် စာပို့တိုက်ဥပဒေ၊ အိုင်စီတီဥပဒေများနှင့် ညီညွတ်မှုရှိပါကကော်မရှင်သည်-

(၁) အစိုးရ၏မူဝါဒအတိုင်း အကောင်ထည်ဖော်ဆောင်ရွက်ခြင်း၊

(၂) အစိုးရ၏မူဝါဒနှင့်ကိုက်ညီသောနည်းလမ်းဖြင့် ကော်မရှင်၏လုပ်ငန်းများဆောင်ရွက်ခြင်း သို့မဟုတ် လုပ်ပိုင်ခွင့်များကျင့်သုံးခြင်း။

(ခ) ကော်မရှင်သည်ပုဒ်မခွဲ (က)အရ အစိုးရအဖွဲ့မှ စာဖြင့်ပေးပို့လာသည့် အစိုးရမူဝါဒကို လက်ခံရရှိပြီးလျှင် ယင်းအား အများပြည်သူသိရှိစေရန် ထုတ်ပြန်ကြေညာရမည်။

၁၃။ ကော်မရှင်သည် မိမိဆန္ဒအလျောက်ဖြစ်စေ၊ ဝန်ကြီး၏တောင်းဆိုမှုကြောင့်ဖြစ်စေ ဝန်ကြီးထံ အကြံပြုချက်များပေးရမည်-

(က) ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းနှင့် စာတိုက်ဝန်ဆောင်မှုလုပ်ငန်းတို့နှင့် သက်ဆိုင်သည့် မူဝါဒများနှင့် ယင်းတို့၏ စည်းမျဉ်းစည်းကမ်းများ၊

(ခ) လှိုင်းနှုန်းစဉ်စီမံခန့်ခွဲခြင်းနှင့် အသုံးပြုခြင်းဆိုင်ရာ မူဝါဒများ။

## အခန်း(၅)

## ကော်မရှင်အဖွဲ့ဝင်များ

၁၄။ ကော်မရှင်သည် အောက်ပါအဖွဲ့ဝင်များဖြင့် ဖွဲ့စည်းရမည် -

(က) ဥက္ကဋ္ဌ တစ်ဦးနှင့်

(ခ) အခြားအဖွဲ့ဝင်နှစ်ဦး။

၁၅။ အဖွဲ့ဝင်များသည် အောက်ပါကိစ္စရပ်များအတွက် စုပေါင်းတာဝန်ရှိစေရမည်-

(က) ကော်မရှင်၏ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း ၊

(ခ) ကော်မရှင်၏ လုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်ခြင်း၊

(ဂ) အစိုးရ၏မူဝါဒများနှင့် ကော်မရှင်၏ ဆုံးဖြတ်ချက်များကို အကောင်ထည်ဖော်ဆောင်ရွက်ခြင်း။

၁၆။ ကော်မရှင်သည် နိုင်ငံတော်သမ္မတကို တာဝန်ခံရမည်။

၁၇။ ကော်မရှင်အဖွဲ့ဝင်များကို နိုင်ငံ့ဝန်ထမ်းများဟု မှတ်ယူခြင်း မပြုရ။

၁၈။ မည်သည့်ကော်မရှင်အဖွဲ့ဝင်မဆို ကော်မရှင်၏လုပ်ငန်းတာဝန်များ ထမ်းဆောင်နေသည့်ကာလအတွင်း နိုင်ငံတော်သမ္မတ၏ စာဖြင့်ရေးသားထားသော ခွင့်ပြုချက်မရှိဘဲ အခြားသောလုပ်ငန်းဌာနတစ်ခုခုတွင် အခကြေးငွေရသည် ဖြစ်စေ၊ မရသည်ဖြစ်စေ ဆောင်ရွက်ခြင်းမပြုရ။

## အခန်း(၆)

## ကော်မရှင်အဖွဲ့ဝင်များအား ခန့်ထားခြင်းနှင့် ထုတ်ပယ်ခြင်း

၁၉။ နိုင်ငံတော်သမ္မတသည် ဤဥပဒေစတင်အာဏာသက်ရောက်သည့် ရက်မှ ရက်ပေါင်း (၃၀) အတွင်း အောက်ပါပုဂ္ဂိုလ်များပါဝင်သော ရွေးချယ်ရေးကော်မတီကို ဖွဲ့စည်းတာဝန်ပေးအပ်ရမည်-

(က) ပြည်ထောင်စုလွှတ်တော်နာယက က တာဝန်ပေးအပ်ထားခြင်းခံရသူ၊

(ခ) ဆက်သွယ်ရေးနှင့်ဆိုင်သော ပြည်ထောင်စုဝန်ကြီး သို့မဟုတ် ၎င်းကတာဝန်ပေးအပ်ထားခြင်းခံရသူ၊

(ဂ) အမျိုးသားဆက်သွယ်ရေးအကြံပေးကော်မတီဥက္ကဋ္ဌမှ အဆိုပြုသည့် ဆက်သွယ်ရေးနှင့်ဆိုင်သော ဝန်ကြီးဌာနအတွင်းမှ မဟုတ်သော ကော်မတီအဖွဲ့ဝင်တစ်ဦး။

၂၀။ ရွေးချယ်ရေးကော်မတီသည် လုပ်ငန်းလိုအပ်ချက်အရ ဖွဲ့စည်းသည့် ယာယီအဖွဲ့အစည်းဖြစ်ပြီး ဖွဲ့စည်းချိန်တွင် ကော်မတီ ၏သက်တမ်းအား ဖော်ပြရမည်။

၂၁။ ရွေးချယ်ရေးကော်မတီ အစည်းအဝေးအားအောက်ပါအခြေအနေများတွင် ခေါ်ယူရမည်-

(က) ကော်မတီဖွဲ့စည်းပြီးသည့်ရက်မှ ရက်ပေါင်း ၃၀အတွင်း၊

(ခ) ကော်မရှင်အဖွဲ့ဝင်လစ်လပ်မှုများ ဖြစ်ပေါ်ခြင်း။

၂၂။ ရွေးချယ်ရေးကော်မတီကို ပြည်ထောင်စုလွှတ်တော်နာယက တက်ရောက်လျှင် ပြည်ထောင်စုလွှတ်တော်နာယက က သဘာပတိအဖြစ်ဆောင်ရွက်ပြီး မတက်ရောက်နိုင်ပါက ကော်မတီကဥက္ကဋ္ဌအဖြစ်ရွေးချယ်သူကို သဘာပတိအဖြစ် ဆောင်ရွက်စေရမည်။

၂၃။ (က) ရွေးချယ်ရေးကော်မတီသည် ကော်မရှင်အဖွဲ့ဝင်များခန့်ထားနိုင်ရေး ကော်မရှင်အဖွဲ့ဝင်လောင်းအမည်စာရင်းအား နိုင်ငံတော်သမ္မတထံသို့ အကြံပြုတင်ပြနိုင်ရန်အတွက် အောက်ပါတို့ကို ဆောင်ရွက်ရမည်-

(၁) ကြော်ငြာများထည့်သွင်းကြေညာခြင်း၊ ရနိုင်သမျှသော ထောက်ခံတင်ပြချက်များကို ပြန်လည်သုံးသပ်ခြင်းနှင့် လူတွေ့စစ်ဆေးခြင်းအပါအဝင် ပွင့်လင်းမြင်သာပြီး လွတ်လပ်သော ရွေးချယ်မှုဆောင်ရွက်ခြင်း၊

(၂) အများပြည်သူထံမှသော်လည်းကောင်း၊ ဆက်သွယ်ရေးလုပ်ငန်းနှင့် သက်ဆိုင်သော ပုဂ္ဂိုလ်များထံမှသော်လည်းကောင်း ကော်မရှင်ကိုယ်စားလှယ်လောင်း အဆိုပြုလွှာများကို ဖိတ်ခေါ်ခြင်း။

(ခ) ရွေးချယ်ရေးကော်မတီသည် အောက်ဖော်ပြပါ အရည်အချင်းနှင့်ကိုက်ညီသူများအနက်မှ ရွေးချယ်ရေးကော်မတီအဖွဲ့ဝင်အများစုက လက်ခံသည့်ပုဂ္ဂိုလ်များအား ကော်မရှင်အဖွဲ့ဝင်လောင်းအဖြစ် အဆိုပြုရမည်-

(၁) နိုင်ငံသားမိဘနှစ်ပါးမှမွေးဖွားသော နိုင်ငံသားဖြစ်သူ၊

(၂) အသက် ၄၀နှစ်ထက် မငယ် ၆၅နှစ်ထက် မကြီးသူ၊

(၃) တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီးသူ၊

(၄) ဆက်သွယ်ရေးကဏ္ဍတွင် လုံလောက်သောဗဟုသုတနှင့် ပြည့်စုံသူ။

၂၄။ နိုင်ငံတော်သမ္မတသည် ရွေးချယ်ရေးကော်မတီကထောက်ခံတင်ပြချက်ကို လက်ခံစဉ်းစားပြီးနောက် တင်ပြလာသည့် ကော်မရှင်အဖွဲ့ဝင်လောင်းများအနက်မှ တစ်ဦးအား ဥက္ကဋ္ဌအဖြစ်လည်းကောင်း ၊ နှစ်ဦးအား အဖွဲ့ဝင်များအဖြစ်လည်းကောင်း ခန့်အပ်ရမည်။

၂၅။ (က) ကော်မရှင်ဥက္ကဋ္ဌကို-

(၁) သတ်မှတ်ကာလ ၆ နှစ်အတွက် ခန့်အပ်ရမည်၊

(၂) ပြည်ထောင်စုဝန်ကြီးအဆင့်နှင့် လျော်ညီသော လုပ်ခ၊ စရိတ်ချီးမြှင့်ငွေ၊ အဆောင်အယောင်တို့ကို ပေးအပ်ချီးမြှင့်ရမည်။

(ခ) အခြားကော်မရှင်အဖွဲ့ဝင်များကို-

(၁) သတ်မှတ်ကာလ ၄ နှစ်အတွက် ခန့်အပ်ရမည်၊

(၂) ပြည်ထောင်စု ဒုတိယဝန်ကြီးအဆင့်နှင့် ညီမျှသောလုပ်ခ၊ စရိတ်ချီးမြှင့်ငွေ၊ အဆောင်အယောင်တို့ကို ပေးအပ်ချီးမြှင့်ရမည်။

(ဂ) ကော်မရှင်အဖွဲ့ဝင်တိုင်းကို-

(၁) အချိန်ပြည့်ခန့်အပ်ရမည်၊

(၂) အဖွဲ့ဝင်တစ်ဦးအဖြစ် တစ်ကြိမ်ထက်ပို၍ ခန့်အပ်နိုင်သည်။ သို့ရာတွင် နောက်ဆုံး ခန့်အပ်ခံရခြင်းသည် ထိုပုဂ္ဂိုလ် ခန့်အပ်ခံရခြင်း၏ စုစုပေါင်း ကာလ ၁၂ နှစ်ထက်ကျော်လွန်၍ အကျိုးသက်ရောက်မှု မရှိစေရ။ လူပုဂ္ဂိုလ် တစ်ဦးဦးကို ကော်မရှင်အဖွဲ့ဝင်အဖြစ် ခန့်အပ်ခြင်း သို့မဟုတ် ကော်မရှင် အဖွဲ့ဝင်အဖြစ် ဆက်လက်ရပ်တည်နေခြင်းမရှိစေရ။

၂၆။ အောက်ပါအချက်တစ်ရပ်ရပ်ဖြင့် အကျုံးဝင်နေပါက လူပုဂ္ဂိုလ်တစ်ဦးဦးကို ကော်မရှင် အဖွဲ့ဝင်အဖြစ် ခန့်အပ်ခြင်း သို့မဟုတ် ကော်မရှင်အဖွဲ့ဝင်အဖြစ် ဆက်လက်ရပ်တည်ခြင်းမရှိစေရ-

(က) ယင်းတို့အားခန့်ထားခြင်းဆိုင်ရာ အရေးကြီးသော စည်းကမ်းချက်တစ်ရပ်ရပ်ကို ဆိုးရွားစွာ ချိုးဖောက်ခြင်း၊

(ခ) မိမိ၏ လုပ်ငန်းတာဝန်များကို အခြေခံအားဖြင့် စွမ်းဆောင်နိုင်မှုမရှိခြင်း၊

(ဂ) လိုင်စင်ရရှိသူတစ်ဦးထံမှသော်လည်းကောင်း၊ပုဂ္ဂိုလ်တစ်ဦးထံမှသော်လည်းကောင်း၊ လိုင်စင်ရရှိသူတစ်ဦးနှင့် ပူးပေါင်းဆောင်ရွက်သည့်လုပ်ငန်းမှ သော်လည်းကောင်း တိုက်ရိုက် သို့မဟုတ် သွယ်ဝိုက်၍ အကျိုးအမြတ်ရယူခြင်း၊

(ဃ) ဥပဒေအရသတ်မှတ်ထားသော ဆေးအဖွဲ့၏စစ်ဆေးချက်အရ တာဝန်ကို ဆက်လက် ထမ်းဆောင်နိုင်စွမ်းမရှိတော့သည်အထိ ကျန်းမာရေးချို့ယွင်းခြင်း၊

(င) လူမွဲအဖြစ် ကြေညာခြင်းခံရခြင်း သို့မဟုတ် လူမွဲစာရင်းခံယူခြင်း၊

(စ) မြန်မာနိုင်ငံအတွင်းတွင်ဖြစ်စေ၊ ပြည်ပ၌ဖြစ်စေ မရိုးမဖြောင့်ခြင်း သို့မဟုတ် အဂတိ လိုက်စားခြင်းတို့နှင့်ပတ်သက်ပြီး ဥပဒေတစ်ရပ်အရ ပြစ်မှုထင်ရှားစီရင်ခံရခြင်း၊

(ဆ) အစိုးရအဆင့်တစ်ရပ်ရပ်၏ ဝန်ကြီး သို့မဟုတ် ဒုတိယဝန်ကြီးဖြစ်ခြင်း၊

(ဇ) အစိုးရလစာ စရိတ်နှင့် ချီးမြှင့်ငွေတစ်မျိုးမျိုးရရှိသည့် ရာထူး သို့မဟုတ် တာဝန် တစ်ခုခုတွင် တာဝန်ထမ်းဆောင်နေသူဖြစ်ခြင်း၊

(ဈ) အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၊ အစိုးရ၏ စီးပွားရေးလုပ်ငန်း၊ ဘုတ်၊ ကော်ပိုရေးရှင်း၊ ဒေသဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့၏ အရာထမ်း၊ အမှုထမ်းဖြစ်ခြင်း၊

(ည) ကုမ္ပဏီ သို့မဟုတ် စီးပွားရေးလုပ်ငန်းတစ်ခုခုကို လုပ်ကိုင်ခြင်း သို့မဟုတ် တစ်စုံတစ်ဦး၏ ဝန်ထမ်းဖြစ်ခြင်း၊

(ဋ) လွှတ်တော်တစ်ရပ်ရပ်၏ လွှတ်တော်ကိုယ်စားလှယ် သို့မဟုတ် အခြားရွေးကောက်ခံ ရာထူးလက်ရှိဖြစ်ခြင်း၊

(ဌ) နိုင်ငံရေးပါတီ အဖွဲ့အစည်းတစ်ခုခု၏ အဖွဲ့ဝင်ဖြစ်ခြင်း၊

(ဍ) ရာထူးရယူခြင်းမပြုမီ ၁၂လကာလအတွင်း ကော်မရှင်၏ လုပ်ငန်းတာဝန်များကို ကောင်းမွန်စွာထမ်းဆောင်နိုင်ရေးအပေါ်တွင် သက်ရောက်မှုဖြစ်စေနိုင်သည့် အခြား လုပ်ငန်းတာဂန်တစ်ခုခု ထမ်းဆောင်ခဲ့ခြင်း ၊ အကျိုးစီးပွားများ ရယူထားခြင်း သို့မဟုတ် ရယူခံစားခဲ့ခြင်းဟု ကော်မတီကသုံးသပ်ခြင်း။

၂၇။ အဖွဲ့ဝင်တစ်ဦးဦးသည် နုတ်ထွက်ခွင့်စာအား ရက်ပေါင်း(၃၀)ကြိုတင်ပြီး နိုင်ငံတော်သမ္မတ ထံ တင်ပြကာ ကော်မရှင်အဖွဲ့ဝင်ရာထူးမှ နုတ်ထွက်နိုင်သည်။

၂၈။ ရာထူးကို လက်ခံရယူထားသောအဖွဲ့ဝင်သည် အကယ်၍အောက်ဖော်ပြပါ အချက်များ ဖြစ်ပေါ်ခဲ့ပါက အဖွဲ့ဝင်အဖြစ်မှရပ်စဲပြီးဖြစ်ရမည် -

(က) သေဆုံးခြင်း၊

(ခ) အသက် ၇၀ နှစ်ပြည့်ပြီးဖြစ်ခြင်း၊

(ဂ) ပုဒ်မ ၂၃ ပုဒ်မခွဲ (ခ) နှင့်အညီ ရာထူးကိုဆက်လက်ခန့်ထားရန် အရည်အချင်း မပြည့်မီကြောင်း တွေ့ရှိရခြင်း၊

(ဃ) ပုဒ်မ ၂၆ နှင့်အညီ ရာထူးကို ဆက်လက်ခန့်ထားရန် သို့မဟုတ် ဆက်လက် ထမ်းဆောင်ရန် မစွမ်းဆောင်နိုင်ကြောင်း တွေ့ရှိရခြင်း၊

(င) မိမိ၏ ရာထူးသက်တမ်းကာလ ပြည့်သွားခြင်းနှင့် ပုဒ်မ ၂၅ ပုဒ်မခွဲ (ဂ)(၂) နှင့် အညီ ပြည်လည်ခန့်အပ်မခံရခြင်း၊

(စ) ပုဒ်မ ၂၇နှင့်အညီ နုတ်ထွက်ခြင်း၊

(ဆ) ပုဒ်မ ၂၉ နှင့်အညီ ရာထူးမှ ဖယ်ရှားခံရခြင်း။

၂၉။ (က) နိုင်ငံတော်သမ္မတသည် ကော်မရှင်အဖွဲ့ဝင်တစ်ဦးကို ပုဒ်မ ၂၆ အရ ဆက်လက် တာဝန်ထမ်းဆောင်ရန် အရည်အချင်းမပြည့်မီတော့ကြောင်း ယုံကြည်ရန်ခိုင်လုံ

သည့်အကြောင်းရှိပါက အဆိုပါအဖွဲ့ဝင်အား စုံစမ်းစစ်ဆေးရန်အတွက် သင့်လျော်သည့် ပုဂ္ဂိုလ် ၃ ဦးပါဝင်သော စုံစမ်းစစ်ဆေးရေးကော်မတီကို ဖွဲ့စည်း၍ တာဝန်ပေးအပ်ရမည်။

(ခ) စုံစမ်းစစ်ဆေးရေးကော်မတီသည် လုပ်ငန်းလိုအပ်ချက်အရ ဖွဲ့စည်းသည့် ယာယီအဖွဲ့အစည်းဖြစ်ပြီး ဖွဲ့စည်းချိန်တွင် ကော်မတီ၏သက်တမ်းအား ဖော်ပြရမည်။

(ဂ) စုံစမ်းစစ်ဆေးရေးကော်မတီသည် နိုင်ငံတော်သမ္မတထံမှ အကြောင်းကြားစာကို ရရှိပါက သက်ဆိုင်သည့်အဖွဲ့ဝင်အား စာဖြင့်အသိပေး အကြောင်းကြားရမည်။

(ဃ) စုံစမ်းစစ်ဆေးရေးကော်မတီသည် သက်ဆိုင်ရာအဖွဲ့ဝင်အား အဆိုပါ အသိပေးအကြောင်းကြားစာပါ အကြောင်းအရာအပေါ် တုံ့ပြန်ဖြေရှင်းခွင့်ပေးရမည်။

(င) အဖွဲ့ဝင်တစ်ဦးကို ပုဒ်မ ၂၆ ပုဒ်မခွဲ (က)(ခ) တို့နှင့် စပ်လျဉ်း၍ အောက်ပါ အချက်များနှင့် ညီညွတ်ခြင်းမရှိလျှင် ရာထူးမှဖယ်ရှားခြင်းမပြုရ-

(၁) စုံစမ်းစစ်ဆေးရေးကော်မတီက ကော်မရှင်အဖွဲ့ဝင်၏ စွပ်စွဲခံရသောကိစ္စကို စုံစမ်းစစ်ဆေးခြင်း၊

(၂) စုံစမ်းစစ်ဆေးခြင်းကို ပြန်လည်ရှင်းလင်းတင်ပြနိုင်ရန် အဆိုပါအဖွဲ့ဝင်အား အခွင့်အရေးပေးခြင်း၊

(၃) စုံစမ်းစစ်ဆေးမှု ရလဒ်အပေါ် ရွေးချယ်ရေးကော်မတီဝင် အများစုမှ ထောက်ခံခြင်း။

(စ) ဤပုဒ်မအရ စုံစမ်းစစ်ဆေးရေးကော်မတီသည် သက်ဆိုင်ရာကော်မရှင်အဖွဲ့ဝင်အား ရာထူးမှဖယ်ရှားရန် သင့် မသင့် နိုင်ငံတော်သမ္မတထံသို့ အကြံပြုတင်ပြရာတွင် သင့်လျော်သည့် မည်သည့်အကြံပြုချက်ကိုမဆို ထည့်သွင်းစဉ်းစားရမည်။

(ဆ) နိုင်ငံတော်သမ္မတသည် စုံစမ်းစစ်ဆေးရေးကော်မတီ၏ အကြံပြုချက်အရ အဆိုပါအဖွဲ့ဝင်ကို ရာထူးတွင်ဆက်လက်တာဝန်ထမ်းဆောင်ရန် အရည်အချင်းမပြည့်မီတော့ကြောင်းလက်ခံပါက အဆိုပါအဖွဲ့ဝင်ကိုအနည်းဆုံးရက်ပေါင်း ၃၀ ကြိုတင်၍ စာဖြင့်အကြောင်းကြားကာ တာဝန်မှဖယ်ရှားနိုင်သည်။ ထိုသို့ အကြောင်းကြားရာတွင် ဖယ်ရှားရသည့် အကြောင်းပြချက်များကို ထည့်သွင်းဖော်ပြပေးရမည်။

၃၀။ ကော်မရှင်ဥက္ကဋ္ဌသည် အဖွဲ့ဝင်တစ်ဦး၏ ကာလသက်တမ်းကုန်ဆုံးခြင်းကို သက်တမ်းကာလမကုန်ဆုံးမီ ရက်ပေါင်း ၉၀ ထက်နောက်မကျစေဘဲ နိုင်ငံတော်သမ္မတထံ တင်ပြရမည်။

၃၁။ ရွေးချယ်ရေးကော်မတီသည် ကော်မရှင်အဖွဲ့ဝင်ရာထူးနေရာ လစ်လပ်ကာလအား အချိန်နည်းနိုင်သမျှနည်းအောင် ဆောင်ရွက်ရမည်။ ကော်မရှင်အဖွဲ့ဝင်နေရာ လစ်လပ်မှုဖြစ်ခဲ့ပါက အစားထိုးခန့်အပ်နိုင်ရေးအတွက် ကော်မရှင်အဖွဲ့ဝင်လောင်းအမည်စာရင်းအား နိုင်ငံတော်သမ္မတထံသို့ အောက်ပါအတိုင်း အကြံပြုပေးပို့တင်ပြရမည်-

(က) အဖွဲ့ဝင်များ၏ သက်တမ်းကုန်ဆုံးမည့်ကာလထက် နောက်မကျစေရ၊

(ခ) အဖွဲ့ဝင်များ၏ သက်တမ်းကုန်ဆုံးမည့်ကာလမတိုင်မီ ရက် ၃၀ ထက်မစောစေရ။

## အခန်း(၇)

## ကော်မရှင်က ဆုံးဖြတ်ချက်ချခြင်းနှင့် တာဝန်လွှဲအပ်ခြင်း

၃၂။ (က) ကော်မရှင်သည် လုပ်ငန်းတာဝန်များ ထိရောက်စွာ ဆောင်ရွက်နိုင်ရန်အတွက် တစ်လလျှင် အနည်းဆုံးတစ်ကြိမ်အစည်းအဝေးများကို ကျင်းပရမည်။

(ခ) ကော်မရှင်အစည်းအဝေးကျင်းပရာတွင် အရေးတကြီးဆုံးဖြတ်ရန်ကိစ္စဖြစ်သည်ဟု အစည်းအဝေးခေါ်ချိန်တွင်ဖော်ပြထားသည့် ကိစ္စများမှလွဲ၍ အစည်းအဝေးကို ကျင်းပရန် အနည်းဆုံးရက်သတ္တတစ်ပတ် ကြိုတင်၍အကြောင်းကြားရမည်။

(ဂ) ကော်မရှင်အစည်းအဝေးအား အောက်ပါအတိုင်း ပြုလုပ်ကျင်းပရမည်-

(၁) ဥက္ကဋ္ဌနှင့်အခြားအဖွဲ့ဝင်တစ်ဦး တက်ရောက်လျှင် အစည်းအဝေးအထမြောက်သည်။ ဥက္ကဋ္ဌ တက်ရောက်နိုင်ခြင်းမရှိပါက ဥက္ကဋ္ဌ၏စာဖြင့် သဘောတူခွင့်ပြုချက်အရ ကျန်အဖွဲ့ဝင်နှစ်ဦးဖြင့်လည်း ဆောင်ရွက်နိုင်သည်။

(၂) အစည်းအဝေးတွင် သဘာပတိအဖြစ် ကော်မရှင်ဥက္ကဋ္ဌက လည်းကောင်း ၊ ဥက္ကဋ္ဌ တက်ရောက်နိုင်ခြင်းမရှိသည့်အခါ ဥက္ကဋ္ဌက တာဝန်ပေးအပ်သည့် အခြားအဖွဲ့ဝင်တစ်ဦးဦးကလည်းကောင်း သဘာပတိအဖြစ် ဆောင်ရွက်ရမည်။

(၃) တက်ရောက်သည့် အဖွဲ့ဝင်များအားလုံး ဆန္ဒမဲပေးပိုင်ခွင့်ရှိသည်။ ဆန္ဒမဲတူညီနေသည့်ကိစ္စတွင် သဘာပတိ၏ဆန္ဒမဲသည် အဆုံးအဖြတ်ဖြစ်စေရမည်။

(၄) အစည်းအဝေးတက်ရောက်သော အဖွဲ့ဝင်များ၏ များရာဆန္ဒမဲဖြင့် ဆုံးဖြတ်ထားသောဆုံးဖြတ်ချက်သည် ကော်မရှင်၏ဆုံးဖြတ်ချက် ဖြစ်စေရမည်။

(ဃ) ကော်မရှင်သည် ယင်းပြုလုပ်သည့် အစည်းအဝေးများအတွက် အစည်းအဝေးမှတ်တမ်း ပြုလုပ်ထားရှိရမည်။

(င) အစည်းအဝေးအထမြောက်ရန် လိုအပ်သောကော်မရှင်အဖွဲ့ဝင်များက သဘောတူလက်မှတ်ရေးထိုးထားသောစာဖြင့် ရေးသားထားသည့်ဆုံးဖြတ်ချက်သည် အစည်းအဝေးကို နည်းလမ်းတကျခေါ်ယူကျင်းပပြီး ဆုံးဖြတ်သကဲ့သို့ တရားဝင်ဖြစ်စေရမည် ။

၃၃။ (က) အကယ်၍ ကော်မရှင်အဖွဲ့ဝင်တစ်ဦးသည် တိုက်ရိုက် သို့မဟုတ် သွယ်ဝိုက်သောနည်းဖြင့် မိမိ၏အကျိုးစီးပွားနှင့် ဆက်နွယ်သည့်ကိစ္စအတွက် စဉ်းစားခြင်း သို့မဟုတ် ဆုံးဖြတ်ခြင်းပြုရမည်ဆိုလျှင် -

(၁) ယင်းကော်မရှင်အဖွဲ့ဝင်သည် ယင်းအကျိုးခံစားခွင့်ရှိမှုကို ထုတ်ဖော်ပြောဆိုရမည်။

(၂) အဆိုပါ ဖွင့်ဟပြောဆိုချက်များကို အစည်းအဝေးမှတ်တမ်းတွင် မှတ်တမ်းတင်ထားရမည်။

(၃) ယင်းကော်မရှင်အဖွဲ့ဝင်ကို သက်ဆိုင်သည့်ကိစ္စရပ်ကို စဉ်းစားဆင်ခြင်ရာတွင် ဖြစ်စေ၊ ဆုံးဖြတ်ချက်ချရာတွင်ဖြစ်စေ ပါဝင်ဆောင်ရွက်ခြင်းမရှိစေရ။

(၄) အဆိုပါအဖွဲ့ဝင်ကို ကော်မရှင်အစည်းအဝေး အထမြောက်စေရန်အတွက် လိုအပ်သောကော်မရှင်အဖွဲ့ဝင်အဖြစ် ထည့်သွင်းရေတွက်ခြင်းမရှိစေရ။

(ခ) ဤပုဒ်မသည် အဖွဲ့ဝင်တစ်ဦးက အများပြည်သူများနည်းတူ စည်းမျဉ်းစည်းကမ်းများအတိုင်း ကုန်စည်နှင့်ဝန်ဆောင်မှုများ အသုံးပြု၍ရရှိသော အကျိုးခံစားခွင့်ရှိသည့်ကိစ္စများနှင့် သက်ဆိုင်ခြင်းမရှိစေရ။

၃၄။ (က) ကော်မရှင်သည်ဆန္ဒမဲပေးပိုင်ခွင့် သို့မဟုတ် လုပ်ပိုင်ခွင့်လွှဲအပ်နိုင်သည့် အာဏာမှတပါး ၎င်းတို့၏လုပ်ငန်းတာဝန်၊ လုပ်ပိုင်ခွင့်နှင့် တာဝန်ဝတ္တရားများကို အောက်ပါပုဂ္ဂိုလ်များအား လွှဲအပ်နိုင်သည်-

(၁) ကော်မရှင်အဖွဲ့ဝင်တစ်ဦး၊

(၂) ကော်မရှင်ရုံးအဖွဲ့၏ ရုံးဝန်ထမ်းတစ်ဦး၊

(၃) ပုဒ်မ ၄၀ နှင့်အညီ ကော်မရှင်အတွက် တာဝန်ထမ်းဆောင်နေသော ပုဂ္ဂိုလ်တစ်ဦး။

(ခ) ကော်မရှင်က ထိုသို့လွှဲအပ်ခြင်းကို-

(၁) စာဖြင့်ရေးသားရမည်။

(၂) လွှဲအပ်သည့်စာတွင် သီးခြားဖေါ်ပြထားသောစည်းကမ်းများ၊ ကန့်သတ်ချက်များနှင့်အညီ ဖြစ်စေရမည်။

(၃) တိကျသည့်အကြောင်းအရာကိစ္စအတွက် ကန့်သတ်ကြောင်းဖော်ပြရမည်။

(၄) ကြိုတင် အကြောင်းကြားခြင်းမပြုဘဲ ကော်မရှင်၏ စာဖြင့်ရေးသားသော ဆုံးဖြတ်ချက်ဖြင့် အချိန်မရွေးပြန်လည်ရုပ်သိမ်းနိုင်သည်။

(၅) ထိုသို့ရုပ်သိမ်းရာတွင် ကော်မရှင်၏ တာဝန်ဝတ္တရားများဆောင်ရွက်ခြင်းကိုလည်းကောင်း၊ လုပ်ပိုင်ခွင့်ကျင့်သုံးခြင်းကိုလည်းကောင်း သို့မဟုတ် အလုပ်တာဝန်ဆောင်ရွက်ခြင်းကိုလည်းကောင်း တားမြစ်စေခြင်း သို့မဟုတ် ထိခိုက်စေခြင်း မရှိစေရ။

(ဂ) လွှဲအပ်ခြင်းခံရသူသည် ဤဥပဒေအရ ကော်မရှင်အဖွဲ့ဝင်တစ်ဦးအနေဖြင့် တာဝန်ဝတ္တရားများ၊ တာဝန်ရှိမှုများနှင့် ကာကွယ်ပေးမှုတို့ကို လိုက်နာဆောင်ရွက်ရမည်။

(ဃ) အဖွဲ့ဝင်တစ်ဦးသည် ၎င်း၏ကိုယ်စား အစည်းအဝေးများကိုတက်ရောက်ရန် အစည်းအဝေးတက်ရောက်ဆွေးနွေးခွင့်အာဏာပေးခြင်း သို့မဟုတ် မိမိကိုယ်စားအခြားသူတစ်ဦးကိုအမည်စာရင်း ပေးသွင်းခြင်း မပြုရ။

၃၅။ ကော်မရှင်သည် ၎င်း၏အလုပ်တာဝန်များကို ဆောင်ရွက်ရာတွင်လည်းကောင်း၊ ၎င်း၏ အာဏာများကို ကျင့်သုံးရာတွင်လည်းကောင်း အပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းတစ်ရပ်ရပ်အရ မြန်မာနိုင်ငံ၏တာဝန်များကို ထည့်သွင်းစဉ်းစားပြီးဆောင်ရွက်ရမည်။

၃၆။ ဤဥပဒေအရ ကော်မရှင်၏ဆောင်ရွက်မှု၊ ဆုံးဖြတ်ချက် သို့မဟုတ် ဥပဒေအရ ဆောင်ရွက်ခြင်းတစ်ရပ်ရပ်သည် အောက်ပါအကြောင်းချက်များကြောင့် တရားမဝင် မဖြစ်စေရ-

(က) အဖွဲ့ဝင်တစ်ဦးကို ခန့်အပ်ခြင်း ၊ ထုတ်ပယ်ခြင်းတို့တွင် ချွတ်ယွင်းချက် သို့မဟုတ် နည်းလမ်းမကျ ဖြစ်ခြင်း၊

(ခ) အဖွဲ့ဝင်တစ်ဦးဦး၏ ရာထူးနေရာ လစ်လပ်နေခြင်း သို့မဟုတ် ပျက်ကွက်ခြင်း၊

(ဂ) အဖွဲ့ဝင်တစ်ဦးက ပုဒ်မ ၃၃ ကို လိုက်နာရန် ပျက်ကွက်ခြင်း။

၃၇။ ဤဥပဒေအရ ကော်မရှင်၏ လုပ်ငန်းတာဝန်၊ လုပ်ပိုင်ခွင့်နှင့်တာဝန်ဝတ္တရားများကို ဆောင်ရွက်ရာတွင် သဘောရိုးဖြင့်ဆောင်ရွက်ခြင်း သို့မဟုတ် အားထုတ်ဆောင်ရွက်ခြင်းကြောင့် ကော်မရှင်၏ပျက်ကွက်မှု သို့မဟုတ် ဆောင်ရွက်မှုတစ်ရပ်ရပ်အတွက် မည်သည့် ကော်မရှင် အဖွဲ့ဝင်တစ်ဦး တစ်ယောက်ကိုမျှ တာဝန်မရှိစေရ ။

၃၈။ (က) ကော်မရှင်သည် ၎င်း၏ လုပ်ငန်းတာဝန်များ ဆောင်ရွက်ရာတွင် ကူညီပေးရန် အကြံပေးကော်မတီကို အမိန့်ထုတ်ပြန် ဖွဲ့စည်းနိုင်သည်။

(ခ) အကြံပေးကော်မတီတစ်ရပ်သည် ကော်မရှင်အားအကြံပြုခြင်းမှတပါး အခြားလုပ်ပိုင်ခွင့် မရှိစေရ။

(ဂ) အကြံပေးကော်မတီတွင် ကော်မရှင်က အခါအားလျော်စွာခန့်အပ်ပေးသည့် ပုဂ္ဂိုလ်များ ပါဝင်သည်။

(ဃ) ကော်မရှင်သည် အကြံပေးကော်မတီတွင် ပုဂ္ဂိုလ်တစ်ဦးတစ်ယောက် ခန့်အပ်ထားမှုကို ပြန်လည်ရုပ်သိမ်းနိုင်သည်။

(င) ကော်မရှင်သည် အကြံပေးကော်မတီကို အောက်ပါကိစ္စရပ်များနှင့် စပ်လျဉ်း၍ ထုတ်ပြန်ညွှန်ကြားနိုင်သည်-

(၁) ကော်မတီကလုပ်ငန်းတာဝန်များကိုဆောင်ရွက်လုပ်ကိုင်ရမည့်နည်းလမ်းများ၊

(၂) အစည်းအဝေးကျင်းပခြင်းနှင့်စပ်လျဉ်း၍ လိုက်နာရမည့်လုပ်ထုံးလုပ်နည်းများ။

(စ) အကြံပေးကော်မတီအဖွဲ့ဝင်များကို လစာပေးအပ်ခြင်းမရှိစေရ။ ထို့အပြင်အကြံပေး ကော်မတီအဖွဲ့ဝင်နေရာသည် အမြဲတမ်းခန့်ထားသည့် ရာထူးနေရာတစ်ခု မဖြစ်စေရပါ။

## အခန်း(၈)

## ညွှန်ကြားရေးမှူးချုပ်၊ ရုံးအဖွဲ့နှင့် အတိုင်ပင်ခံများ

၃၉။ (က) နိုင်ငံတော်သမ္မတသည် ကော်မရှင်ဥက္ကဋ္ဌ၏ အကြံပြုထောက်ခံချက်ကို ရယူပြီး ညွှန်ကြားရေးမှူးချုပ်တစ်ဦးကို ခန့်အပ်ရမည်။

(ခ) ညွှန်ကြားရေးမှူးချုပ်သည်-

(၁) ကော်မရှင်ရေးရာနှင့် ကော်မရှင်ရုံးအဖွဲ့ဆိုင်ရာကိစ္စရပ်များကို နေ့စဉ် စီမံခန့်ခွဲခြင်းနှင့် ကြီးကြပ်ခြင်းအတွက် အဓိကတာဝန်ယူ ဆောင်ရွက်ရမည်။

(၂) ကော်မရှင်ရုံးအဖွဲ့၏ အကြီးအကဲ နှင့်

(၃) ကော်မရှင်၏ အတွင်းရေးမှူး ဖြစ်စေရမည်။

(ဂ) ညွှန်ကြားရေးမှူးချုပ်သည် ကော်မရှင်က အခါအားလျော်စွာပေးအပ်သည့် အခြားတာဝန်များကိုလည်း ထမ်းဆောင်ရမည်။

(ဃ) ညွှန်ကြားရေးမှူးချုပ်သည် ၎င်း၏ဆန္ဒမဲပေးပိုင်ခွင့် သို့မဟုတ် လုပ်ပိုင်ခွင့် လွှဲအပ်နိုင်သည့်အာဏာမှတပါး ၎င်း၏လုပ်ပိုင်ခွင့်တာဝန်ဝတ္တရားများကို စာဖြင့်ရေးသားပြီး ကော်မရှင်ရုံးအဖွဲ့မှ တစ်ဦးတစ်ယောက်ထံသို့ လွှဲအပ်ပေးနိုင်သည်။

(င) ညွှန်ကြားရေးမှူးချုပ်သည် ၎င်း၏ လုပ်ငန်းတာဝန်များ ဆောင်ရွက်ရာတွင် ကော်မရှင်၏ အခွင့်အာဏာနှင့် ညွှန်ကြားချက်များအရ ဆောင်ရွက်ရမည်။

၄၀။ (က) ကော်မရှင်သည် ၎င်း၏လုပ်ငန်းတာဝန်များကို ထိရောက်စွာဆောင်ရွက်နိုင်ရန်နှင့် ဤဥပဒေအရတာဝန်များကို ထမ်းဆောင်နိုင်ရန် အရည်ချင်းပြည့်မီသူများကို လိုအပ်သည်ဟု ထင်မြင်သည့်အတိုင်း အလုပ်ခန့်အပ်နိုင်သည်။

(ခ) ဤပုဒ်မအရ ခန့်ထားသည့် ညွှန်ကြားရေးမှူးချုပ်နှင့် အခြားဝန်ထမ်းများအား ကော်မရှင်ရုံးအဖွဲ့ဝန်ထမ်းအဖြစ် ဖွဲ့စည်းနိုင်သည်။

၄၁။ ကော်မရှင်သည် အစိုးရအဖွဲ့အစည်းတစ်ရပ်နှင့် အောက်ပါအစီအမံများ ပြုလုပ်နိုင်သည် -

(က) ကော်မရှင်၏ ရည်ရွယ်ချက်များအတွက် အစိုးရအဖွဲ့အစည်းတစ်ရပ်၏ အရာရှိများ သို့မဟုတ် ဝန်ထမ်းများထံမှ ဝန်ဆောင်မှုများရယူရန်၊

(ခ) အစိုးရအဖွဲ့အစည်းတစ်ရပ်၏ ရည်ရွယ်ချက်များအတွက် ကော်မရှင်ရုံးအဖွဲ့မှ တာဝန်ထမ်းဆောင်နိုင်ရန်။

၄၂။ ကော်မရှင်သည် ဤဥပဒေအရ လုပ်ငန်းတာဝန်များ ထိရောက်ကောင်းမွန်စွာ ဆောင်ရွက်နိုင်ရေးအတွက် ကော်မရှင်ကို အထောက်အကူပြုရန် အတိုင်အပင်ခံများထံမှ အခါအားလျော်စွာ ဝန်ဆောင်မှုများရယူနိုင်သည်။ ထိုသို့ ဝန်ဆောင်မှုများရယူရာတွင် ကော်မရှင်သည် သင့်လျော်သည့် စည်းမျဉ်းစည်းကမ်းများသတ်မှတ်ပြီး ဆောင်ရွက်နိုင်သည်။

၄၃။ ကော်မရှင်သည် ကော်မရှင်ရုံးအဖွဲ့နှင့် ပုဒ်မ ၄၂ အရ ခန့်ထားသော အတိုင်ပင်ခံတို့မှ မိမိနှင့် တိုက်ရိုက် သို့မဟုတ် သွယ်ဝိုက်ပြီး လုပ်ငန်း သို့မဟုတ် ပုဂ္ဂိုလ်ရေးအရ ဆက်စပ်မှု ရှိနေသည့် ကိစ္စရပ်များကိုဆွေးနွေးရာတွင် ပါဝင်ဆောင်ရွက်ခြင်းမပြုရန် သင့်လျော်သလိုစီစဉ်နိုင်သည်။

## အခန်း(၉)

## ငွေကြေးစီမံခန့်ခွဲခြင်း

၄၄။ (က) ကော်မရှင်သည် အောက်ပါတို့ပါဝင်သော နှစ်စဉ်ရသုံးမှန်းခြေငွေစာရင်းကို ရေးဆွဲရမည်-

(၁) သင့်လျော်ရာအဆင့်အထိ အသေးစိတ်ဖော်ပြထားသော လာမည့်ဘဏ္ဍာရေးနှစ်တွင် ကောက်ခံမည့် သို့မဟုတ် ရရှိမည့် အဆိုပြုရန်ပုံငွေအားလုံး၏ ခန့်မှန်းစာရင်း၊

(၂) သင့်လျော်ရာအဆင့်အထိ အသေးစိတ်ဖော်ပြထားသော လာမည့်ဘဏ္ဍာရေးနှစ်တွင် အသုံးပြုမည့် အသုံးစရိတ်ခန့်မှန်းစာရင်း ၊

(ခ) ကော်မရှင်ကရေးဆွဲထားသော အရအသုံးမှန်းခြေငွေစာရင်းကို ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြရမည်။

(ဂ) ကော်မရှင်သည် အရအသုံးမှန်းခြေငွေစာရင်းကို အကောင်အထည်ဖော်ရန် လိုအပ်သော ဘဏ္ဍာရေးစည်းမျဉ်းများကို ချမှတ်ရမည်။

၄၅။ ကော်မရှင်၏ ရငွေတွင် အောက်ပါတို့ပါဝင်သည်။

(က) ဤဥပဒေ၊ စာပို့တိုက်ဥပဒေနှင့်အိုင်စီတီဥပဒေများ အကျိုးသက်ရောက်မှုရှိစေရေးအတွက် ပြည်ထောင်စုလွှတ်တော်က သင့်လျော်သလို ခွဲဝေပေးသည့်ငွေများ၊

(ခ) ပုဒ်မ ၄၆ (ဂ)အရ ခွင့်ပြုထားသော ငွေများ၊

(ဂ) စာပို့တိုက်ဥပဒေနှင့်အိုင်စီတီဥပဒေအရ ကောက်ခံသော လျှောက်လွှာကြေး၊ နှစ်စဉ်ကြေး၊ အခကြေးငွေ၊ စည်းကြပ်ခ၊ အဖိုးအခများ၊

(ဃ) ကော်မရှင်ထံသို့ သို့မဟုတ် ကော်မရှင်အတွက် ပေးအပ်သော နိုင်ငံတစ်နိုင်ငံ၏ အစိုးရ၊ အစိုးရဌာန၊ အစိုးရအကူအညီ သို့မဟုတ် ဥပဒေအရ ဖွဲ့စည်းထားသော သီးခြားအဖွဲ့အစည်းများမှ ထောက်ပံ့ငွေများ၊ လှူဒါန်းမှုများ ၊ နိုင်ငံတကာအဖွဲ့အစည်းများမှ အထောက်အပံ့များအပါအဝင် အထောက်အပံ့များ၊

(င) ကော်မရှင်မှ ရယူထားသော ချေးငွေများ၊

(စ) ကော်မရှင်မှ ကြီးကြပ်ရန်ပေးအပ်ထားသော သို့မဟုတ် ကော်မရှင်မှ ပိုင်ဆိုင်သော

ပစ္စည်းများအား ရောင်းချခြင်း၊ ထုခွဲရောင်းချခြင်း ၊ ငှားရမ်းခြင်း သို့မဟုတ် အငှားချထားခြင်းများမှ ရရှိသောဝင်ငွေများ၊

(ဆ) ကော်မရှင်မှ တရားသောနည်းလမ်းဖြင့်ရရှိသော အတိုးအပါအဝင် အခြားငွေကြေးများ။

၄၆။ (က) ကော်မရှင်သည် ဆက်လက်ကျင့်သုံးသည့်နေ့မှစ၍ ကော်မရှင်၏ ရန်ပုံငွေကို ထူထောင်ရမည်။

(ခ) ကော်မရှင်အတွက်ရရှိသော ငွေကြေးအားလုံးသည် ပုဒ်မခွဲ (ဂ)ပါ ကန့်သတ်ချက်များနှင့်အညီ-

(၁) ကော်မရှင်ကရရှိသော ငွေကြေးအားလုံးသည် ကော်မရှင်၏ဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်းရမည်။

(၂) ကော်မရှင်က လုပ်ပိုင်ခွင့်အာဏာကို ကျင့်သုံးခြင်း၊ လုပ်ငန်းတာဝန်များ ဆောင်ရွက်ခြင်း၊ အလုပ်တာဝန်များ ဆောင်ရွက်ရာတွင် အသုံးပြုရန်အတွက် ကော်မရှင်မှလိုအပ်သလို စီမံခန့်ခွဲနိုင်သည်။

(ဂ) ဘဏ္ဍာရေးနှစ်အတွင်း အသုံးစရိတ်ထက်ကျော်လွန်၍ ဝင်ငွေရရှိသည့်အခါ ကော်မရှင်သည် -

(၁) ပိုမိုရရှိငွေအားလုံး သို့မဟုတ် အောက်ပါတို့အနက်မှ ပို၍များသည့် ဝင်ငွေတစ်ခုအား ထိန်းသိမ်းထားနိုင်သည် -

(ကက) အဆိုပါဘဏ္ဍာနှစ်တွင် ဝင်ငွေအဖြစ်ရရှိသော ငွေကြေး၏ ၁၀ ရာခိုင်နှုန်းနှင့်ညီမျှသည့် ပမာဏ၊

(ခခ) ပြည်ထောင်စုအစိုးရအဖွဲ့မှ ကော်မရှင်၏ဘတ်ဂျက်အဖြစ် သတ်မှတ်ပေးသောပမာဏ။

(၂) ပိုငွေများကို ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်းရမည်။

၄၇။ ကော်မရှင်၏ ရန်ပုံငွေကို အောက်ပါကိစ္စရပ်များတွင် သုံးစွဲရမည်-

(က) ကော်မရှင်က လုပ်ပိုင်ခွင့်အာဏာသုံးစွဲရာတွင်လည်းကောင်း၊ လုပ်ငန်းတာဝန်များ ဆောင်ရွက်ရာတွင် လည်းကောင်း၊ အလုပ်တာဝန်များ ဆောင်ရွက်ရာတွင် လည်းကောင်း၊ ကော်မရှင်က ကျခံရမည့် ကုန်ကျငွေများ၊ ဆောင်ရွက်ရန် တာဝန်များ သို့မဟုတ် တာဝန်ရှိမှုများအတွက် ပေးချေခြင်း၊

(ခ) ဤဥပဒေအရ ပေးရမည့် လစာ၊ စရိတ်ပေးခြင်း၊

(ဂ) ကော်မရှင်မှ ဤဥပဒေအရ ဆောင်ရွက်ခွင့်ရှိသော ကိစ္စရပ်များ ဆောင်ရွက်ခြင်း

သို့မဟုတ် မိမိ၏လုပ်ငန်းတာဝန်များဆောင်ရွက်ခြင်းနှင့် သက်ဆိုင်သည့်ကိစ္စရပ်များ ဆောင်ရွက်ခြင်းအတွက် ကုန်ကျစရိတ်များပေးချေခြင်း။

၄၈။ အခြားတည်ဆဲဥပဒေများတွင် မည်သို့ပင်ပါရှိစေကာမူ ကော်မရှင်၏ဝင်ငွေအပေါ်တွင် ဝင်ငွေခွန်ပေးဆောင်ခြင်းမှ ကင်းလွတ်စေရမည်။

၄၉။ (က) ကော်မရှင်သည် ဘဏ္ဍာရေးနှစ်ကုန်ဆုံးတိုင်း နှစ်ချုပ်ငွေစာရင်းရှင်းတမ်းများကို ရေးဆွဲရမည်။

(ခ) ကော်မရှင်၏ ငွေစာရင်းများကို ပြည်ထောင်စုစာရင်းစစ်ချုပ်က ဤဥပဒေအရ ရေးဆွဲထားသော ဘဏ္ဍာရေးစည်းမျဉ်းများနှင့်အညီ အနည်းဆုံး တစ်နှစ်လျှင် တစ်ကြိမ် စစ်ဆေးရမည်။

၅၀။ ကော်မရှင်သည် အစိုးရအဖွဲ့၏ခွင့်ပြုချက်ရယူပြီး မိမိ၏မတည်အသုံးစရိတ်ကာမိစေရန်နှင့် ဤဥပဒေအရ လုပ်ငန်းတာဝန်များကိုဆောင်ရွက်နိုင်ရန် ချေးငွေရယူနိုင်သည်။

## အခန်း(၁၀)

## စီမံချက်ရေးဆွဲခြင်းနှင့် အစီရင်ခံခြင်း

၅၁။ (က) ကော်မရှင်သည် လုပ်ငန်းကာလ ငါးနှစ်အတွက် လုပ်ငန်းစီမံချက်အား ရေးဆွဲပြုစုထားရှိရမည်။

(ခ) ကော်မရှင်သည် လုပ်ငန်းစီမံချက် အကောင်အထည်ဖော်နိုင်မှု အခြေအနေအား နှစ်စဉ်သုံးသပ်၍ လိုအပ်သလိုပြင်ဆင်နိုင်သည်။

(ဂ) လုပ်ငန်းစီမံချက်တွင် အောက်ပါတို့ကို အသေးစိတ်ဖော်ပြရမည်-

(၁) လုပ်ငန်းစီမံချက်ကာလအတွင်း ကော်မရှင်၏ရည်မှန်းချက်များနှင့် အထူးဦးစားပေးအစီအစဉ်များ၊

(၂) အဆိုပါရည်မှန်းချက်များ အောင်မြင်ရန်အလို့ငှာ ကော်မရှင်က အကောင်အထည်ဖော်မည့် မဟာဗျူဟာများနှင့် မူဝါဒများ၊

(၃) ကော်မရှင်ကထည့်သွင်းစဉ်းစားရန် လိုအပ်သည်ဟုယူဆသည့် အခြားကိစ္စရပ်များ။

၅၂။ (က) ကော်မရှင်သည် ဘဏ္ဍာရေးနှစ်ကုန်ပြီးနောက် (၆) လထက် နောက်မကျစေဘဲ နှစ်ပတ်လည်အစီအရင်ခံစာကို ပြုစုရမည်ဖြစ်ပြီး အစိုးရအဖွဲ့သို့တင်ပြရမည်။

(ခ) နှစ်ပတ်လည်အစီအရင်ခံစာတွင် အောက်ပါအချက်များ ပါဝင်ရမည်-

(၁) အဆိုပါနှစ်အတွင်း ကော်မရှင်၏ ဆောင်ရွက်ချက် အနှစ်ချုပ်၊

(၂) လိုင်စင်ရရှိသူများ၏ ဆက်သွယ်ရေးလုပ်ငန်းနှင့် စာတိုက်ကဏ္ဍများ ဖွံ့ဖြိုးတိုးတက်မှုအား ကော်မရှင်မှ စိစစ်မှုအခြေအနေ၊

(၃) ဤဥပဒေအရ သို့မဟုတ် အခြားတည်ဆဲသည့် ဥပဒေများအရ လိုအပ်သည့် ငွေစာရင်းရှင်းတမ်းနှင့် စာရင်းစစ်အစီအရင်ခံစာအပေါ် ဆောင်ရွက်ထားရှိမှုအခြေအနေ၊

(၄) ကော်မရှင်ကငှားရမ်းထားသော အတိုင်ပင်ခံပုဂ္ဂိုလ်များ၏ စာရင်းနှင့် ဆွေးနွေးအကြံပြုချက်များ ရယူခဲ့သည့်အကြောင်းအရာများ၊

(၅) ပုဒ်မ ၃၈ အရ ဖွဲ့စည်းထားသော အကြံပေးကော်မတီအဖွဲ့ဝင်များစာရင်းနှင့် ၎င်းတို့၏အကြံပြုချက်များရယူခဲ့သည့် အကြောင်းအရာများ၊

(၆) လိုင်စင်ရရှိသူများကြား ဖြစ်ပွားခဲ့သော အငြင်းပွားမှုကို ဖြန်ဖြေပေးရန် သို့မဟုတ် အနုညာတနည်းဖြင့် ဖြန်ဖြေပေးရန် တင်ပြတောင်းဆိုမှုများ စာရင်းနှင့်အဆိုပါအငြင်းပွားသည့် ကိစ္စရပ်များနှင့်စပ်လျဉ်းပြီး ဆောင်ရွက်ထားရှိမှု အကျဉ်းချုပ်အချက်များ၊

(၇) ကော်မရှင်ပါဝင်ပတ်သက်ခဲ့သော အရေးကြီးသည့်တရားစွဲဆိုမှု အနှစ်ချုပ်နှင့် စာပို့တိုက်ဥပဒေ၊ အိုင်စီတီဥပဒေများနှင့်စပ်လျဉ်း၍ ဖြစ်ပေါ်ခဲ့သော အရေးကြီးကိစ္စရပ်များ။

### အခန်း(၁၁)

### လွတ်လပ်စွာဆောင်ရွက်ခြင်းနှင့် ပွင့်လင်းမြင်သာမှုရှိခြင်း

၅၃။ ကော်မရှင်သည် လုပ်ငန်းတာဝန်များဆောင်ရွက်ရာတွင် ဥပဒေနှင့်အညီ လွတ်လပ်စွာဆောင်ရွက်နိုင်ပြီး ကိုယ်ပိုင်စီမံခန့်ခွဲခွင့်ရှိသော ဘက်လိုက်မှုကင်းရှင်းသည့်အဖွဲ့အစည်း ဖြစ်ရမည်။ ထို့အပြင် အခွင့်အရေးပေးခြင်း၊ ဘက်လိုက်ခြင်း သို့မဟုတ် နိုင်ငံရေး၊ စီးပွားရေးအရ ဝင်ရောက်စွက်ဖက်မှုမရှိစေဘဲ လုပ်ငန်းတာဝန်များကိုဆောင်ရွက်ရမည်။

၅၄။ ကော်မရှင်သည် မိမိ၏လုပ်ငန်းတာဝန်များကို အချိန်နှင့်တပြေးညီ အရေးယူဆောင်ရွက်နိုင်ရန်အတွက် စံသတ်မှတ်ထားသော လုပ်ထုံးလုပ်နည်းများကို ပြုစုထုတ်ပြန်ထားရမည်။

၅၅။ (က) ကော်မရှင်သည် ယင်း၏လုပ်ပိုင်ခွင့်များ ကျင့်သုံးရာတွင်လည်းကောင်း၊ တာဝန်များဆောင်ရွက်ရာတွင်လည်းကောင်း၊ လုပ်ငန်းတာဝန်များ ဆောင်ရွက်ရာတွင်လည်းကောင်း လိုအပ်ပါက အောက်ပါပုဂ္ဂိုလ်တို့နှင့် ဆွေးနွေးဆောင်ရွက်နိုင်သည်-

(၁) အခြားသက်ဆိုင်ရာ အဖွဲ့အစည်းများနှင့် သက်ဆိုင်ရာ အစိုးရအဖွဲ့အစည်း၊ စီးပွားရေးလုပ်ငန်းဆိုင်ရာ၊ စက်မှုလုပ်ငန်းဆိုင်ရာ၊ အသုံးပြုသူများဆိုင်ရာ၊ စံနှုန်းသတ်မှတ်ခြင်းဆိုင်ရာ အဖွဲ့အစည်းများ၊

(၂) အများပြည်သူများ။

( ခ ) ကော်မရှင်သည် အများပြည်သူသဘောထား တောင်းခံခြင်းနှင့် သက်ဆိုင်သည့် လုပ်ထုံးလုပ်နည်းများကို ပြုစုထုတ်ပြန်ထားရမည်။

၅၆။ (က) ကော်မရှင်သည်အများပြည်သူနှင့်သက်ဆိုင်သော အချက်အလက်များကို ကော်မရှင် ဝက်ဘ်ဆိုက်တွင် တင်ပြထားရှိရမည်။

( ခ ) ကော်မရှင်သည် အများပြည်သူနှင့်သက်ဆိုင်သော အချက်အလက်များဖော်ပြရာတွင် အောက်ပါတို့နှင့်အညီ ဖော်ပြရမည်-

(၁) စာပို့တိုက်ဥပဒေနှင့် အိုင်စီတီဥပဒေများ၊

(၂) နိုင်ငံတော်၏ နိုင်ငံလုံးဆိုင်ရာ လှိုင်းနှုန်းစဉ်ခွဲဝေလျာထားချက်၊

(၃) နိုင်ငံတော်၏ နိုင်ငံလုံးဆိုင်ရာ ဆက်သွယ်ရေးနံပါတ် လျာထားသတ်မှတ် ချက်များ၊

(၄) အများပြည်သူ သဘောထားတောင်းခံခြင်းနှင့်စပ်လျဉ်း၍ ကော်မရှင်သို့ တင်ပြထားသော စာရွက်စာတမ်းများ၊

(၅) ပုဒ်မ ၁၂ အရလက်ခံရရှိသောပြည်ထောင်စုအစိုးရအဖွဲ့၏အမိန့်ကြော်ငြာစာ၊

(၆) ပုဒ်မ ၅၁ အရ ပြုစုထားသော လုပ်ငန်းစီမံချက်၊

(၇) ပုဒ်မ ၅၂ အရ ပြုစုထားသော နှစ်ပတ်လည်အစီရင်ခံစာ ၊

(၈) ကော်မရှင်ထံသို့ အကြောင်းကြားလာသော အယူခံခုံရုံး၏ ဆုံးဖြတ်ချက်များ။

(ဂ) ကော်မရှင်သည် မိမိ၏လုပ်ပိုင်ခွင့်အာဏာကို ကျင့်သုံးခြင်း သို့မဟုတ် လုပ်ငန်း တာဝန်များပြီးပြည့်စုံစွာ ဆောင်ရွက်နိုင်ခြင်းတို့ကိုလည်းကောင်း၊ အိုင်စီတီသတင်း အချက်အလက်နည်းပညာနှင့် ဆက်သွယ်ရေးနည်းပညာဆိုင်ရာဥပဒေ၏ ရည်မှန်း ချက်များ မြင့်တင်နိုင်စေရန်လည်းကောင်း အထောက်အကူပြုလိမ့်မည်ဟု ယူဆ သည့်သတင်းအချက်အလက်များကို ပုဒ်မ ၅၇ နှင့် အညီ ထုတ်ပြန်ကြေညာရမည်။

(ဃ) ကော်မရှင်သည် -

(၁) ပုဒ်မခွဲ(က)တွင်ပါဝင်သည့် သတင်းအချက်အလက်များအားပြုစုပြီး သို့မဟုတ် ကော်မရှင်မှလက်ခံရရှိပြီး သင့်လျော်သည့် အချိန်ကာလသတ်မှတ်ချက် အတွင်း နောက်မကျပဲ ထုတ်ပြန်ရမည်။

(၂) ပုဒ်မခွဲ(က)တွင် ဖော်ပြထားသည့် အများပြည်သူနှင့်သက်ဆိုင်သော အချက် အလက်များတွင် ဖော်ပြထားသည့် သတင်းအချက်အလက်များသည် မှန်ကန်တိကျပြီး နောက်ဆုံး အခြေအနေနှင့်ကိုက်ညီရန် ဆောင်ရွက်ရမည်။

၅၇။ (က) လူပုဂ္ဂိုလ်တစ်ဦးသည်ကော်မရှင်သို့ သတင်းအချက်အလက်ပေးပို့ရာတွင် လျှို့ဝှက်ထားရမည့်အချက်အလက်များနှင့်စပ်လျဉ်း၍ အများပြည်သူသို့ ထုတ်ပြန်ကြေညာခြင်းမှ ကင်းလွတ်ခွင့်ပြုရန် တောင်းဆိုနိုင်သည်။

(ခ) ပုဒ်မခွဲ(က)အရ တောင်းဆိုသည့်အခါ ကော်မရှင်သည် လျှို့ဝှက်ထားရမည့်အကြောင်းကြောင့် လျှို့ဝှက်ထားရန်လိုအပ်သည် သို့မဟုတ် လျှို့ဝှက်ထားရန်သင့်သည်ဟုလက်ခံလျှင် အဆိုပါသတင်းအချက်အလက်အား အများပြည်သူသိရှိစေရန် ထုတ်ပြန်ကြေညာခြင်းမှ ကင်းလွတ်ခွင့်ပြုနိုင်သည်။

(ဂ) ကော်မရှင်သည် ပုဒ်မခွဲ (ခ) အရ လျှို့ဝှက်ထားရမည့် အကြောင်းကိစ္စအပြင်အောက်ပါအကြောင်းများကြောင့် သတင်းအချက်အလက်များအား အများပြည်သူသိရှိစေရန် ထုတ်ပြန်ကြေညာခြင်းမပြုရန် ဆောင်ရွက်နိုင်သည်-

(၁) ထိုသို့ထုတ်ဖော်ပြောဆိုခြင်းသည် လူပုဂ္ဂိုလ်တစ်ဦးအတွက် မျှတသော တရားစီရင်ရေးကို ထိခိုက်စေလျှင်၊

(၂) ထိုသို့ ထုတ်ဖော်ပြောဆိုခြင်းတွင် လူပုဂ္ဂိုလ်တစ်ဦး၏ ပုဂ္ဂိုလ်ရေးအချက်အလက်များကို ကျိုးကြောင်းဆီလျော်မရှိပဲ ထုတ်ဖော်ပြောဆိုမှုဖြစ်နိုင်ကြောင်း ကော်မရှင်ကယူဆလျှင် ။

(ဃ) ပုဒ်မခွဲ (ခ) (ဂ) တွင် မည်သို့ဆိုစေကာမူ လျှို့ဝှက်ထားရန် တောင်းဆိုထားသောသတင်းအချက်အလက်ကို ကော်မရှင်ထံပေးသည့်အခါ ကော်မရှင်သည် သက်ဆိုင်သည့်ပုဂ္ဂိုလ်၏ ပြန်လည်ဖြေရှင်းမှုများကို ထည့်သွင်းစဉ်းစားပြီး ထိုသို့ထုတ်ဖော်ပြောဆိုခြင်းသည် တည်ဆဲဥပဒေများနှင့် ညီညွတ်ပြီး အများပြည်သူအတွက်အကျိုးဖြစ်နိုင်သည်ဟုယူဆလျှင် အဆိုပါ သတင်းအချက်အလက်ကို ထုတ်ပြန်ကြေညာနိုင်သည်။

(င) ကော်မရှင်သည် ယှဉ်ပြိုင်မှုကော်မရှင်၏ လုပ်ငန်းတာဝန်များနှင့် သက်ဆိုင်သည့်သတင်းအချက်အလက်များကို လျှို့ဝှက်ရမည့် သတင်းအချက်အလက်ဖြစ်သော်လည်း ယှဉ်ပြိုင်မှုကော်မရှင်သို့ ပေးပို့နိုင်သည်။ သို့ရာတွင် အဆိုပါ သတင်းအချက်အလက် လျှို့ဝှက်ပေးရန်ကိစ္စနှင့် စပ်လျဉ်းပြီး လူပုဂ္ဂိုလ်တစ်ဦးအား ပုဒ်မခွဲ(က)နှင့်အညီတောင်းဆိုထားပြီး ကော်မရှင်ကလည်း ယင်းသတင်းအချက်အလက်သည် အများပြည်သူသိရှိစေရန် ထုတ်ပြန်ကြေညာခြင်းမှ ကင်းလွတ်ခွင့်ပြုရန် လိုအပ်သည် သို့မဟုတ် သင့်သည်ဟု လက်ခံလျှင်-

(၁) ကော်မရှင်သည် သတင်းအချက်အလက် ပေးပို့ချိန်တွင် အဆိုပါ သတင်းအချက်အလက်သည် အများပြည်သူသိရှိရန် ထုတ်ပြန်ကြေညာခြင်းမှ ကင်းလွတ်ခွင့်ပြုရန် တောင်းဆိုထားကြောင်းကို ယှဉ်ပြိုင်မှုကော်မရှင်သို့ အသိပေးရမည်။

(၂) ယုဉ်ပြိုင်မှုကော်မရှင်သည် ကော်မရှင်သို့ သတင်းအချက်အလက်ပေးခဲ့သူ၏ စာဖြင့်ရေးသားထားသော သဘောတူညီမှု သို့မဟုတ် ကော်မရှင်၏ စာဖြင့်ရေးသားထားသော သဘောတူညီမှုရရှိသည့်အခါမှလွဲ၍ ယင်းသတင်းအချက်အလက်ကို ထုတ်ပြန်ကြေညာခြင်း မပြုရ။

(စ) ကော်မရှင်အဖွဲ့ဝင်၊ ကော်မရှင်ရုံးအဖွဲ့ သို့မဟုတ် ကော်မရှင်၏ ကိုယ်စားလှယ်တစ်ဦးသည် လုပ်ငန်းတာဝန်များဆောင်ရွက်ခြင်း၊ တာဝန်များ ထမ်းဆောင်ခြင်းအတွက် သို့မဟုတ် တရားရုံးက သို့မဟုတ် တည်ဆဲဥပဒေတစ်ရပ်ရပ်အရ ဥပဒေနှင့်အညီအများပြည်သူသိရှိစေရန် ထုတ်ပြန်ကြေညာရန် ညွှန်ကြားသည့်အခါများမှလွဲ၍ မိမိတာဝန်ထမ်းဆောင်ရာမှ ရရှိလာသော သတင်းအချက်အလက်များ သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်၏ ကိုယ်ရေးအချက်အလက်များကို ထုတ်ဖော်ခြင်းမပြုရ။

## အခန်း(၁၂)

## စုံစမ်းစစ်ဆေးခြင်း

၃၈။ (က) ကော်မရှင်သည် အောက်ပါတို့ကို စုံစမ်းစစ်ဆေးနိုင်သည် -

(၁) ကော်မရှင်၏ လုပ်ငန်းတာဝန်အတွင်းရှိသည့် လိုင်စင်ရသူတစ်ဦးဦး၏ လုပ်ဆောင်ချက် သို့မဟုတ် အကြောင်းကိစ္စရပ်တစ်ရပ်ရပ်၊

(၂) စာပို့တိုက်ဥပဒေနှင့် အိုင်စီတီဥပဒေဆိုင်ရာ ဥပဒေတစ်ခုကို ချိုးဖောက်မှုနှင့် သက်ဆိုင်သည့် ကိစ္စရပ်တစ်ခုခု၊

(၃) ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းတစ်ခုခု သို့မဟုတ် စာတိုက်လုပ်ငန်းဝန်ဆောင်မှု လုပ်ငန်းတစ်ခုခုကို ထောက်ပံ့ခြင်း သို့မဟုတ် ထောက်ပံ့ရန်ပျက်ကွက်ခြင်းနှင့် သက်ဆိုင်သည့် ကိစ္စရပ်တစ်ခုခု၊

(၄) စာပို့တိုက်ဥပဒေ၊ အိုင်စီတီဥပဒေတို့နှင့် သက်ဆိုင်သည့် ကိစ္စတစ်ရပ်ရပ် သို့မဟုတ် ယင်းဥပဒေများ၏ ရည်ရွယ်ချက်တို့နှင့်သက်ဆိုင်သည့် ကိစ္စရပ်တစ်ခုခု။

(ခ) ပုဒ်မခွဲ(ဂ) နှင့်စပ်လျဉ်း၍ ကော်မရှင်မှစုံစမ်းစစ်ဆေးရမည့် အကြောင်းအရာသည် မိမိ၏ လုပ်ငန်းတာဝန်များထမ်းဆောင်ခြင်းနှင့် သက်ဆိုင်ခြင်းမရှိခဲ့ပါက အဆိုပါအကြောင်းအရာအား စစ်ဆေးခြင်းမပြုရ။

(ဂ) ကော်မရှင်သည် ပုဒ်မခွဲ (က) တွင် ရည်ညွှန်းဖော်ပြထားသည့် အကြောင်းအရာများနှင့် စပ်လျဉ်းပြီး ပြည်ထောင်စုအစိုးရအဖွဲ့မှ စုံစမ်းစစ်ဆေးရန် တာဝန်ပေးအပ်သည့်အခါတွင် အဆိုပါအကြောင်းအရာများကို စုံစမ်းစစ်ဆေးမှုပြုလုပ်ရမည်။

၅၉။ ကော်မရှင်တွင် စုံစမ်းစစ်ဆေးမှုပြုလုပ်ခြင်းနှင့် လုပ်ထုံးလုပ်နည်းများကို ရေးသားထုတ်ပြန်ထားရမည်။

၆၀။ (က) ကော်မရှင်သည် ဆောင်ရွက်ခဲ့သည့် စုံစမ်းစစ်ဆေးခြင်းရလဒ်၏ တွေ့ရှိချက်များကိုဖော်ပြသည့် အစီရင်ခံစာကို ထုတ်ပြန်ကြေညာရမည်။ စုံစမ်းစစ်ဆေးမှုပြီးလျှင် ပြီးချင်း အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ကြေညာရမည်။

(ခ) အကယ်၍ ပြည်ထောင်စုအစိုးရအဖွဲ့မှ တာဝန်ပေးအပ်သည့် စုံစမ်းစစ်ဆေးခြင်းကို ဆောင်ရွက်ခဲ့ခြင်းဖြစ်လျှင် အစီရင်ခံစာကိုထုတ်ပြန်ခြင်းမပြုမီ အနည်းဆုံးရုံးဖွင့်ရက် ၁၀ ရက်ကြိုတင်၍ ပြည်ထောင်စုအစိုးရအဖွဲ့ထံ ပေးပို့တင်ပြရမည်။

(ဂ) ပုဒ်မ ၅၇ နှင့်အညီ အစီရင်ခံစာတွင် အောက်ပါအချက်များပါဝင်ရမည်-

(၁) စုံစမ်းစစ်ဆေးရသည့် အကြောင်းအရာအကျဉ်းချုပ်၊

(၂) စုံစမ်းစစ်ဆေးရသည့် အကြောင်းရင်းများနှင့်သက်ဆိုင်သော လူပုဂ္ဂိုလ်များ၏ အမည်များ၊ ထိုသို့လူပုဂ္ဂိုလ်များ၏ အမည်များကိုဖော်ပြခြင်းသည် ၎င်းတို့အတွက်တရားမျှတမှုမရှိသော အကျိုးဆက်များဖြစ်ပေါ်စေနိုင်သည်ဟု ကော်မရှင်ကယူဆလျှင် ၎င်းတို့၏ အမည်များကို အစီရင်ခံစာတွင် ထည့်သွင်းခြင်းမပြုရ၊

(၃) စုံစမ်းစစ်ဆေးခြင်း စတင်သောရက်စွဲနှင့် ပြီးဆုံးသောရက်စွဲ၊

(၄) ကော်မရှင်၏ စုံစမ်းတွေ့ရှိချက်များ၊

(၅) တွေ့ရှိချက်များရရှိရန် အခြေခံခဲ့သည့် သက်သေခံ အထောက်အထားများနှင့် အခြားအရာများ၊

(၆) စုံစမ်းစစ်ဆေးခြင်းနှင့် သက်ဆိုင်သည့် သို့မဟုတ် စုံစမ်းစစ်ဆေးရာမှ ပေါ်ပေါက်လာသည့် ကော်မရှင်ကထုတ်ဖော်ရန် သင့်သည်ဟု ထင်မြင်သည့် အခြားအရာများ။

၆၁။ (က) ကော်မရှင်သည် ပုဂ္ဂိုလ်တစ်ဦးဦးက စာပို့တိုက်ဥပဒေနှင့် အိုင်စီတီဥပဒေဆိုင်ရာ ဥပဒေနှင့်အညီဆောင်ရွက်ရန် ကိစ္စတစ်ခုခုကို ပျက်ကွက်ကြောင်း စုံစမ်းစစ်ဆေးတွေ့ရှိပါက ထိုသူကိုယင်းသို့ပျက်ကွက်ခဲ့သည့်ကိစ္စအား ဥပဒေနှင့်အညီ ပြန်လည်ဖြည့်ဆည်းဆောင်ရွက်ရန် ညွှန်ကြားနိုင်သည်။

(ခ) ကော်မရှင်သည် ပုဂ္ဂိုလ်တစ်ဦးဦးက စာပို့တိုက်ဥပဒေနှင့် အိုင်စီတီဥပဒေဆိုင်ရာ ဥပဒေအရ တားမြစ်ထားသော ပြုလုပ်မှုတစ်ရပ်ရပ်ကိုပြုလုပ်ခဲ့ကြောင်း စုံစမ်းစစ်ဆေးတွေ့ရှိပါက ထိုသူကို အောက်ပါအတိုင်း ညွှန်ကြားနိုင်သည် -

(၁) ထိုသို့ပြုလုပ်နေမှုကို ရပ်တန့်ရန် သို့မဟုတ် ၊

(၂) ထိုသို့ ထပ်မံမပြုလုပ်စေရန် ၊

(၃) ပုဒ်မခွဲငယ် (၁) နှင့် (၂) နှစ်ရပ်စလုံးကို လိုက်နာရန် ။

(ဂ) ကော်မရှင်သည် ပုဂ္ဂိုလ်တစ်ဦးဦးကို စာပို့တိုက်ဥပဒေနှင့် အိုင်စီတီဥပဒေပါ ပြဋ္ဌာန်းချက်များ ချိုးဖောက်ခြင်းမဖြစ်စေရန်အတွက် အထောက်အကူဖြစ်စေမည် ဟုယူဆသည့် မည်သည့်လုပ်ဆောင်မှုကိုမဆို လိုက်နာဆောင်ရွက်ရန် ညွှန်ကြား နိုင်သည်။

**အခန်း(၁၃)**

**သတင်းအချက်အလက်စုစည်းခြင်း**

၆၂။ (က) ကော်မရှင်သည် အောက်ပါအချက်များနှင့်အကျုံးဝင်သည့် ပုဂ္ဂိုလ်များထံမှ သတင်း အချက်အလက်များ စုစည်းနိုင်သည်-

(၁) ကော်မရှင်၏ ဆောင်ရွက်ချက်လုပ်ငန်းတာဝန်များ၊ လုပ်ပိုင်ခွင့်နှင့် တာဝန် ဝတ္တရားများကို ကျင့်သုံးခြင်း သို့မဟုတ် တာဝန်များကို ထမ်းဆောင်ခြင်း တို့နှင့်သက်ဆိုင်သည့် အချက်အလက်တစ်ခုခု သို့မဟုတ် စာတမ်းအမှတ် အသား တစ်ခုခုကို ရရှိထားသူ၊

(၂) ကော်မရှင်၏ ဆောင်ရွက်ချက် လုပ်ငန်းတာဝန်များ၊ လုပ်ပိုင်ခွင့်နှင့် တာဝန် ဝတ္တရားများကို ကျင့်သုံးခြင်း သို့မဟုတ် တာဝန်များကို ထမ်းဆောင်ခြင်း တို့နှင့်စပ်လျဉ်းပြီး ကော်မရှင်ကယုံကြည်ရန်အကြောင်းရှိသည့် သက်သေခံ ချက် တစ်စုံတစ်ရာကို ပေးနိုင်စွမ်းရှိသူ။

(ခ) ကော်မရှင်သည် လုပ်ငန်းဆိုင်ရာ လိုအပ်သည့်သတင်းအချက်အလက် ရရှိနိုင်ရေး အတွက် သက်ဆိုင်သည့်ပုဂ္ဂိုလ်အား အောက်ပါအတိုင်းညွှန်ကြားနိုင်သည်-

(၁) သတင်းအချက်အလက်တစ်ခုခုကို ညွှန်ကြားချက်တွင်ပါရှိသည့် သတ်မှတ် ပုံစံဖြင့် ကော်မရှင်သို့ပေးအပ်ရန်၊

(၂) စာတမ်းအမှတ်အသားတစ်ခုခုကို ပုံနှိပ်ပုံစံဖြင့်ဖြစ်စေ၊ အီလက်ထရောနစ်ပုံစံ ဖြင့်ဖြစ်စေ ညွှန်ကြားချက်တွင်ပါရှိသည့်ကာလအတွင်း သတ်မှတ်ပုံစံဖြင့် ကော်မရှင်သို့ပေးအပ်ရန်၊

(၃) စာရွက်စာတမ်းအထောက်အထားများကို မိတ္တူပြုလုပ်ရမည့် အဆိုပါမိတ္တူ များကို ကော်မရှင်ထံသို့ညွှန်ကြားချက်တွင်ဖော်ပြထားသည့် ပုံစံနှင့်သတ်မှတ် ထားသည့်အချိန်တွင် တင်ပြရန်၊

(၄) စာတမ်းအမှတ်အသားတစ်ခုခုကို ပုံနှိပ်ပုံစံဖြင့်သော်လည်းကောင်း၊ အီလက်

ထရောနစ်ပုံစံဖြင့်သော်လည်းကောင်း သီးသန့်ကြားနာမှုတစ်ခုတွင် ညွှန်ကြားချက်တွင်ဖော်ပြထားသည့် အချိန်နှင့်နေရာ၌ပြုလုပ်မည့်ကော်မရှင်၏သီးသန့်ကြားနာမှုတွင် လာရောက်တင်ပြရန်။

(ဂ) ကော်မရှင်သည် အမိန့်တွင်ဖော်ပြထားသည့် သတင်းအချက်အလက် သို့မဟုတ် စာတမ်းအမှတ်အသားကိုပေးရန်နှင့် တင်ပြရန် အမိန့်ပေးခံရသည့် ပုဂ္ဂိုလ်အား သင့်လျော်လုံလောက်သောအချိန်ကို ခွင့်ပြုရမည်။

(ဃ) ဤပုဒ်မသည် ဥပဒေပညာအသက်မွေးဝမ်းကြောင်းဆိုင်ရာအခွင့်အရေးနှင့် သက်ဆိုင်သည့် စာတမ်းအမှတ်အသားကို ထုတ်ဖော်ပြောဆိုစေရန် လူတစ်ဦးဦးကို တောင်းဆိုခွင့်မရှိစေရ။

၆၃။ (က) ပုဒ်မ ၆၂ အရ သတင်းအချက်အလက်ပေးရန် ညွှန်ကြားခံရသည့် မည်သူမဆို အမိန့်ကို လိုက်နာရမည့်အပြင် ပေးပို့သည့် သတင်းအချက်အလက်များသည် မှန်ကန်၊ တိကျ ပြည့်စုံစေရမည်။

(ခ) မည်သူမဆို သတင်းအချက်အလက် သို့မဟုတ် စာတမ်းအမှတ်အသားတစ်ခုသည် လူတစ်ဦးတစ်ယောက်အား ပြစ်မှုကျူးလွန်ကြောင်းသက်သေခံချက် ဖြစ်စေနိုင်ခြင်းဟူသော အကြောင်းရှိသော်လည်း အဆိုပါ သတင်းအချက်အလက် သို့မဟုတ် စာရွက်စာတမ်းသည် စာပို့တိုက်ဥပဒေနှင့် အိုင်စီတီဆိုင်ရာဥပဒေအရ ပေါ်ပေါက်လာသော တရားစွဲဆိုခြင်းမှလွဲ၍ အခြားသောတရားစွဲဆိုခြင်းများတွင် သက်သေခံအဖြစ် တင်ပြ၍မရဟူသည့်အကြောင်းပြချက်ဖြင့် သတင်းအချက်အလက်များကို ပေးခြင်း သို့မဟုတ် စာရွက်စာတမ်းအမှတ်အသားများကိုပေးခြင်းမှ ကင်းလွတ်ခွင့် မရှိစေရ။

၆၄။ ကော်မရှင်သည် -

(က) ဤဥပဒေပုဒ်မ ၆၂ အရ ရရှိသောသတင်းအချက်အလက်များကို ၎င်း၏လုပ်ငန်းတာဝန်ကို ဆောင်ရွက်ရန်၊ အခွင့်အာဏာကိုကျင့်သုံးရန် သို့မဟုတ် တာဝန်များကို ထမ်းဆောင်ရန်အတွက်သာ အသုံးပြုရမည်။

(ခ) ပုဒ်မ ၆၂ အရ ရရှိလာသော သတင်းအချက်အလက်များကို လျှို့ဝှက်အဖြစ် ထိန်းသိမ်းထားရမည်။ အောက်ပါကိစ္စရပ်များမှလွဲ၍ သတင်းအချက်အလက်ပေးသူ၏ သဘောဆန္ဒမပါဘဲ ထုတ်ဖော်ပြောဆိုခြင်းမပြုရ-

(၁) ဤဥပဒေအရ၎င်း၏လုပ်ငန်းတာဝန်ကိုဆောင်ရွက်ခြင်း၊ အာဏာကိုကျင့်သုံးခြင်း သို့မဟုတ် တာဝန်များကို ထမ်းဆောင်ခြင်း၊

(၂) ဤဥပဒေအရ ကော်မရှင်အား ခွင့်ပြုထားခြင်း သို့မဟုတ် ထိုသတင်းအချက်အလက်များကို ထုတ်ဖော်ပြသရန် လိုအပ်ခြင်း၊

(ဂ) ပုဒ်မ ၆၂ အရရရှိထားသော သတိထားဆင်ခြင်ရမည့် သတင်းအချက်အလက်များကို ပုဒ်မ ၅၇ နှင့်အညီ ဆောင်ရွက်ရမည်။

## အခန်း(၁၄)

## ပြစ်မှုနှင့် ပြစ်ဒဏ်များ

၆၅။ (က) မည်သူမဆို ဤဥပဒေပါ တားမြစ်ချက်တစ်ရပ်ရပ်ကို လိုက်နာရန် ပျက်ကွက်လျှင်ဖြစ်စေ သို့မဟုတ် ချိုးဖောက်လျှင်ဖြစ်စေ ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ကျပ်သိန်း ၁၀၀ ထက်မပိုသော ငွေဒဏ်ချမှတ်ခြင်း ခံရမည်။

(ခ) မည်သူမဆို ဤဥပဒေအရ နည်းဥပဒေ၊ စည်းမျဉ်း၊ အမိန့်ကြော်ငြာစာ၊ ညွှန်ကြားချက် သို့မဟုတ် ဤဥပဒေအရ ထုတ်ပြန်ချက်တစ်ရပ်ရပ်ကို လိုက်နာရန် ပျက်ကွက်ကြောင်း သို့မဟုတ် ချိုးဖောက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ကျပ်သိန်း ၆၀ ထက်မပိုသော ငွေဒဏ်ချမှတ်ခြင်းခံရမည်။

(ဂ) ဤဥပဒေပါ ပြစ်မှုများကို ရဲအရေးပိုင်သော ပြစ်မှုများအဖြစ် သတ်မှတ်သည်။

(ဃ) ကော်မရှင် သို့မဟုတ် ပြည်ထောင်စုရှေ့နေချုပ် သို့မဟုတ် ၎င်းတို့၏ ကိုယ်စားဆောင်ရွက်သူတစ်ဦးဦးက ဤပုဒ်မအရ လူတစ်ဦးတစ်ယောက်အပေါ် ချမှတ်ထားသည့် ငွေဒဏ်များကို ပြန်လည်ရရှိစေရန်အတွက် စီရင်ပိုင်ခွင့်ရှိသော တရားရုံးတွင် တရားစွဲဆိုနိုင်သည်။

(င) အကယ်၍ တရားရုံးက တစ်ဦးတစ်ယောက်သည် ဤဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို မလိုက်နာကြောင်း စစ်ဆေးတွေ့ရှိပါက ထိုသူအား ငွေဒဏ်ပေးဆောင်ရန် အမိန့်ချမှတ်နိုင်သည်။

(စ) ဤဥပဒေကို တစ်ကြိမ်ထက်ပိုသော ဖောက်ဖျက်မှုဖြစ်ခဲ့လျှင် လိုက်နာရန်ပျက်ကွက်သောသူကို ဤပုဒ်မအရ ပျက်ကွက်မှုတစ်ခုချင်းစီအတွက် တရားစွဲဆိုနိုင်သည်။ သို့ရာတွင် ပြစ်မှုကျူးလွန်မှုတစ်ခုအတွက် ဤပုဒ်မနှင့်အညီ ငွေဒဏ်တစ်ကြိမ်ထက်ပိုပြီး ကျခံခြင်းမရှိစေရ။

(ဆ) ဤဥပဒေအရ ပေးဆောင်ရမည့် ငွေဒဏ်များကို ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်းရမည်။

## အခန်း(၁၅)

## ကူးပြောင်းခြင်းဆိုင်ရာအစီအစဉ်

၆၆။ (က) ဆက်လက်ကျင့်သုံးသည့်နေ့ရက်တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

အဖွဲ့၏ ၂၇-၁ဝ-၂ဝ၁၅ နေ့စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁၂၅/၂ဝ၁၅ဖြင့် ဖွဲ့စည်းတည်ထောင်ခဲ့သော မြန်မာ့ဆက်သွယ်ရေးကော်မရှင်သည်လည်း ပျက်ပြယ်စေရမည်။

(ခ) ဆက်လက်ကျင့်သုံးသည့်နေ့ရက်တွင် ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန၏ ဝန်ထမ်းအားလုံးသည် ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနတွင် တာဝန်ထမ်းဆောင်နေခြင်းမှရပ်စဲပြီးဖြစ်ကာ မြန်မာနိုင်ငံဆက်သွယ်ရေးကြီးကြပ်မှုကော်မရှင် ဝန်ထမ်း (Staff) အဖြစ် ပြောင်းလဲစေရမည်။

၆၇။ ဥပဒေတစ်ရပ်ရပ်အရ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနက ဆက်လက်ကျင့်သုံးသည့်နေ့မတိုင်မီကာလအထိထုတ်ပြန်ခဲ့သော အမိန့်နှင့် ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများအားလုံး (any instruments) သည် ကော်မရှင်က ပြင်ဆင်ခြင်း သို့မဟုတ် ဖျက်သိမ်းခြင်း မပြုသမျှကာလပတ်လုံး ဤဥပဒေနှင့်အညီ ကော်မရှင်ကထုတ်ပြန်ခဲ့ခြင်းဖြစ်သကဲ့သို့ ဆက်လက်အာဏာတည်စေရမည်။

၆၈။ ဆက်လက်ကျင့်သုံးသည့်နေ့မှစ၍ -

(က) ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနသည် ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းနှင့် စာပို့လုပ်ငန်းဝန်ဆောင်မှုလုပ်ငန်းများ ကြီးကြပ်သူအဖြစ်လည်းကောင်း၊ လှိုင်းနှုန်းစဉ်ကြီးကြပ်ရေးအတွက် တာဝန်ရှိသူအဖြစ်လည်းကောင်း၊ စာပို့တိုက်ဥပဒေနှင့် အိုင်စီတီဥပဒေများ၏ စီမံခန့်ခွဲသူအဖြစ်လည်းကောင်း ဆောင်ရွက်နေခြင်းမှ ရပ်စဲစေရမည်။

(ခ) အကြောင်းအရာကြောင့် အခြားပုံစံဖြင့် စဉ်းစားရန် မလိုအပ်ခဲ့လျှင် စာပို့တိုက်ဥပဒေနှင့် အိုင်စီတီဥပဒေတစ်ရပ်ရပ်က ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန၏ အမည်ကို ရည်ညွှန်းသည့် ရည်ညွှန်းချက်တစ်ရပ်သည် ကော်မရှင်ကို ရည်ညွှန်းခြင်းဖြစ်သည်ဟု မှတ်ယူရမည်။

(ဂ) ဆက်လက်ကျင့်သုံးသည့်နေ့မတိုင်မီ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနက လက်ဝယ်ပိုင်ဆိုင်သော ပိုင်ဆိုင်မှုများနှင့်တာဝန်ရှိမှုများ၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနကို အပ်နှင်းထားသော၊ ပေးရန်ရှိသော သို့မဟုတ် ပြန်ရရန်ရှိသော သို့မဟုတ် ပိုင်ဆိုင်သော အခွင့်အရေးအားလုံး၊ စီမံခန့်ခွဲမှုအားလုံး သို့မဟုတ် ထိန်းချုပ်မှုတစ်ရပ်ရပ်ကို ဆက်လက်ကျင့်သုံးသည့်နေ့မှစ၍ ကော်မရှင်ကို လွှဲပြောင်းခြင်း၊ တာဝန်ပေးခြင်း၊ အကြောင်းကြားစာ ပေးပို့ခြင်း သို့မဟုတ် အာမခံခြင်းမရှိဘဲ ဤဥပဒေနှင့် အခြားဥပဒေတစ်ရပ်ရပ်က မည်သို့ပင်ဆိုစေကာမူ ကော်မရှင်ကို လွှဲပြောင်းခြင်း၊ အပ်နှံခြင်း၊ ပေးနိုင်ခြင်း၊ ပြန်ရရန်ရှိခြင်းနှင့် ပိုင်ဆိုင်ခြင်းရှိသည်ဟု မှတ်ယူရမည်။

(ဃ) ဆက်လက်ကျင့်သုံးသည့်နေ့မတိုင်မီ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနက ချုပ်ဆိုခဲ့သည့် ပဋိညာဉ်များအားလုံး၊ စာချုပ်စာတမ်းများ၊ စာရွက်စာတမ်းများ၊ ရေးသားထားသော သို့မဟုတ် အခြားနည်းဖြင့်စာရွက်စာတမ်းများကို ဆက်လက်ကျင့်သုံးသည့်နေ့မှစ၍ နောင်တွင် ကော်မရှင်ကချုပ်ဆိုခဲ့သည့် သို့မဟုတ် ကော်မရှင်နှင့် ချုပ်ဆိုခဲ့သည့် ပဋိညာဉ်များ၊ စာချုပ်စာတမ်းများ၊ စာရွက်စာတမ်းများနှင့် အခြားစာရွက်စာတမ်းများအဖြစ် မှတ်ယူရမည်။

(င) ဆက်လက်ကျင့်သုံးသည့်နေ့ရက်မှစတင်ပြီး ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန၏ အမည်ဖြင့် အစိုးရမှ လျာထားမှုများသည် ကော်မရှင်အတွက်ဖြစ်စေရမည်။

၆၉။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်ထည်ဖော်ရာတွင် ဝန်ကြီးဌာနသည် ကော်မရှင်နှင့်ညှိနှိုင်း၍ လိုအပ်သည့်နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့် စည်းမျဉ်းစည်းကမ်းဥပဒေများကို ပြည်ထောင်စုအစိုးရ၏သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ)ထင်ကျော်

နိုင်ငံတော်သမ္မတ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်